# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၆/၂၀၂၅

## ၂၀၂၅ ခုနှစ်၊ ဇွန်လ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ပခုက္ကူကုန်စည်ဒိုင်၏ ပဲယင်းနီဈေးနှုန်းဈေးကွက်
- ရောဝတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဒေသထွက်မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ
- ပခုက္ကူကြက်သွန်နီ မေလ (တတိယပတ်)ဈေးနှုန်းဈေးကွက်နှင့် အရောင်းအဝယ်ဖြစ်မှုအခြေအနေ

### နိုင်ငံတကာဈေးကွက်

- ကမ္ဘောဒီးယားမှ တင်သွင်းသည့်ဆန်အပေါ် အခွန်သုညရာခိုင်နှုန်းသို့ ဗီယက်နမ် လျှော့ချမည်
- အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်း၌ ဆန်သိုလှောင်မှုမြင့်မားလျက်ရှိသောကြောင့် လိုအပ်နေသော နိုင်ငံများသို့ ဆန်တင်ပို့မည်
- ထိုင်းနိုင်ငံ၊ အစိုးရသည် ဆန်ပို့ကုန်လိုင်စင်ကြေး လျှော့ချပေးခဲ့
- ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနသည် ဆန်တစ်ကီလို ပီဆို-၂၀ အစီအစဉ်အား ၂၀၂၈ ခုနှစ်ထိ ဆက်လက်သက်တမ်း တိုးဆောင်ရွက်သွားမည်ဖြစ်
- ထိုင်းနိုင်ငံတွင်ကျင်းပမည့် ထိုင်းဆန်စပါးဆွေးနွေးပွဲမှ ပို့ကုန်အမှာစာ ဘတ် ၂ ဘီလီယံကျော်ရရှိနိုင်မည်ဟု ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခန့်မှန်း
- ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအာဏာပိုင်အဖွဲ့(National Food Authority-NFA)သည် ဆန်တင်သွင်းခွင့်၊ ဖြန့်ဖြူးရောင်းချခွင့်လုပ်ငန်းများအား ပြန်လည်လုပ်ဆောင်လို
- တရုတ်နိုင်ငံသည် ဘရာဇီးလ်ပဲပုပ်များအတွက် အလားအလာများစွာရှိသည့် ထိပ်တန်းနေရာအဖြစ် ဆက်လက်တည်ရှိနေ
- တရုတ်ရင်းနှီးမြှုပ်နှံသူများက အင်ဒိုနီးရှားစားအုန်းဆီစက်မှုလုပ်ငန်းများ၌ အမေရိကန်ဒေါ်လာ ၉ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား
- ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထိုင်းသစ်သီးဈေးနှုန်းများကျဆင်းနေခြင်းအပေါ် အာရုံစိုက်ဆောင်ရွက်လျက်ရှိ
- ချီလီနိုင်ငံသည်ဆယ်စုနှစ်တစ်ခုကျော်ကြာတရုတ်နိုင်ငံ၏ထိပ်တန်းချယ်ရီသီးရောင်းချသူအဖြစ်ရပ်တည်ခဲ့
- တရုတ်နိုင်ငံသို့ တောင်အာဖရိက ရာသီသစ် ထောပတ်သီးများ ပထမအသုတ်အဖြစ်တင်ပို့နိုင်ခဲ့
- ကော်ဖီထုတ်လုပ်မှုအရှိန်မြှင့်တင်ရန် အင်ဒိုနီးရှားရည်ရွယ်
- အိန္ဒိယနိုင်ငံတွင် ယခင်နှစ်ထက် သကြားထုတ်လုပ်မှု ၁၈ ရာခိုင်နှုန်းဆက်လက်နိမ့်ကျနေပြီး ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းထုတ်လုပ်မှုတန်ချိန် ၂၆ သန်းဖြစ်နိုင်
- ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ၄ လအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရရှိ
- ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာတင်ပို့မှုမှ ဝင်ငွေသည် ၄ လအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅ ဘီလီယံခန့်ရရှိ
- နော်ဝေပင်လယ်စာတင်ပို့မှုသည် တရုတ်နှင့်အမေရိကန်နိုင်ငံတို့၏ ဝယ်လိုအားကြောင့် ဧပြီလတွင် စံချိန်တင်မြင့်မားလာခဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- ကုန်သွယ်မှုဟန်ချက်ညီစေရန် အမေရိကန်မှ လေယာဉ်များ၊ သဘာဝဓာတ်ငွေ့ရည် (LNG)များ ပိုမိုဝယ်ယူရန် ဗီယက်နမ်ဝန်ကြီးချုပ်က တိုက်တွန်း
- ဗီယက်နမ်နိုင်ငံ Binh Dinh ပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၅၂ သန်းတန် အဝတ်အထည်စက်ရုံ တည်ဆောက်မည့်ဒိန်းမတ်လုပ်ငန်း
- မွန်ဂိုလီယားနိုင်ငံ၏ Cashmere တင်ပို့မှုမှာ ၂၀၂၅ ခုနှစ်သုံးလတာအတွင်း ၅၅ ရာခိုင်နှုန်းကျဆင်းခဲ့
- တရုတ်နိုင်ငံ၊ ယူနန်ပြည်တွင် ပန်းတင်ပို့မှု စံချိန်တင်တိုးတက်ခဲ့
- အိန္ဒိယသည် ဝန်ဆောင်မှုတင်ပို့မှုတွင် ၁၃ ရာခိုင်နှုန်းကျော် မြင့်တက်လာသောကြောင့် ၂၀၂၅ ဘဏ္ဍာနှစ်၌ စုစုပေါင်းပို့ကုန်သည် ကန်ဒေါ်လာ ၈၂၅ ဘီလီယံအထိ စံချိန်တင်မြင့်တက်
- ယူအေအီးနိုင်ငံနှင့်ခရိုအေးရှားနိုင်ငံတို့မှနှစ်နိုင်ငံစီးပွားဆက်ဆံရေးခိုင်မာစေမည့်နည်းလမ်းများကိုရှာဖွေခဲ့
- နန်နင်းမြို့တွင် တရုတ်-ကမ္ဘောဒီးယား ရော်ဘာထုတ်လုပ်ရေး အခြေစိုက်လုပ်ငန်းတည်ထောင်
- အမေရိကန်ပြည်ထောင်စုမှသတ်မှတ်လိုက်သည့် အကောက်ခွန်နှုန်းထားများကြောင့် ၂၀၂၅ ခုနှစ်၊ မေလအစောပိုင်းကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှု ၂၄ ရာခိုင်နှုန်းကျဆင်းခဲ့
- ၂၀၂၅ ခုနှစ်၏ ပထမ ၄ လပတ်ကာလတွင် ဧရာတ်ကောင်းနှင့် သစ်ကြံပိုးခေါက်တင်ပို့မှုမှ ဝင်ငွေရရှိမှုအားကောင်းခဲ့သည့် ဗီယက်နမ်
- ကမ္ဘောဒီးယားသီဟိုဠ်စေ့နှင့် သရက်သီးခြောက်များ မလေးရှားသို့ ပထမဆုံးတင်ပို့
- ဗီယက်နမ်ငှက်သိုက်ကုန်ကြမ်းများ တရုတ်ဈေးကွက်သို့ဝင်ရောက်ရန်အခွင့်အလမ်းရ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- မြစ်သားမြို့နယ်ရှိမြက်ဖျာရက်လုပ်သူများ ယခင်နှစ်ထက်ဈေးကောင်းရ
- ပင်လယ်ပြင်ငါးဖမ်းရာသီ ပိတ်သိမ်းပြီဖြစ်၍ ငါးဖမ်းစက်လှေများ ရန်ကုန်မြို့ဆိပ်ကမ်းများသို့ အသီးသီးဝင်ရောက်

**ပြည်ပကုန်သွယ်မှုသတင်း**

- မြန်မာ့ပင်လယ်ပြင်မှရရှိသည့် တိုက်ဂါးပုစွန်နှင့် မြိတ်ကျွန်းစုတွင် မွေးမြူထုတ်လုပ်သော ပနားမီးပုစွန်ဖြူတို့ ဈေးကောင်းရရှိနေပြီး ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိ
- ငှက်ပျောထုတ်ကုန်များ ပြည်ပထိုးဖောက်ရန် ရည်ရွယ်
- ရုရှားဈေးကွက်သို့ စိန်တလုံးသရက်သီးများတင်ပို့ရန် ပြည်တွင်းကုမ္ပဏီများက အရည်အသွေးကောင်းသရက်သီးရရှိရေး ပြင်ဆင်နေ

**အထူးဆောင်းပါးများ**

- အာဖရိကရှိ ဆာဟာရကန္တာရတောင်ပိုင်းသည် ကမ္ဘာ့ထိပ်တန်း ဆန်တင်သွင်းရာဒေသဖြစ်လာနိုင်
- ဆောင်းနှင့်နွေသီးနှံရာသီ၌ အထွက်မြင့်မားနိုင်မှုအရ မတ်ပဲဈေးနှုန်း ကျဆင်းမည်ဟု အိန္ဒိယကုန်သည်များပြောကြား

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ပခုက္ကူကုန်စည်ဒိုင်၏ ပဲယင်းနီဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၌ ပဲမျိုးစုံစိုက်ပျိုးလျက်ရှိရာ ၎င်းပဲမျိုးစုံထဲတွင် ပဲယင်းသီးနှံကို မြစ်ခြေနှင့် ရေစကြိုမြို့နယ်များတွင် အဓိကစိုက်ပျိုးလျက်ရှိသည်။ ပခုက္ကူကုန်စည်ဒိုင်တွင် မြစ်ခြေဒေသမှစိုက်ပျိုးသော ပဲယင်းနီများ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပခုက္ကူမြို့နယ်တွင် ပဲယင်းနီ စိုက်ပျိုးဧက ၈၀၀ ရှိပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးကြပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ရိတ်သိမ်းကြကြောင်း သိရသည်။

၂၀၂၅ခုနှစ်၊ မေလ(ဒုတိယပတ်)တွင် အရောင်းအဝယ်ဖြစ်ခဲ့သော ပဲယင်းနီ(မြစ်ခြေ)ဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၇၈,၀၀၀၊ ပဲယင်းနီ(ယော)တစ်တင်းလျှင် ကျပ် ၈၇,၇၀၀ ဖြစ်ပြီး မေလ (တတိယပတ်)တွင် ပဲယင်းနီ(မြစ်ခြေ)တစ်တင်းလျှင် ကျပ် ၇၈,၀၀၀၊ ပဲယင်းနီတစ်တင်းလျှင် ကျပ် ၉၁,၅၀၀ ဖြစ်၍ ဈေးနှုန်းနှိုင်းယှဉ် ပါက ယခုတစ်ပတ်တွင် ပဲယင်းနီတစ်တင်းလျှင် ကျပ် ၃,၈၀၀ ခန့် ဈေးတက်နေကြောင်း၊ အရောင်းအဝယ်ဖြစ်မှု အိတ်ရေမှာ တစ်နေ့လျှင် အိတ်ရေ ၅၀ မှ ၁၀၀ ထိဖြစ်နေကြောင်း ကုန်စည်ဒိုင်မှ သိရသည်။ Source: https://doca.gov.mm/my/node/39037

## ရေဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဒေသထွက်မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ

ရေဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဒေသထွက်မျှင်ငါးပိများ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြ၍သိရသည်။ လပွတ္တာမြို့နယ်တွင် ဒေသထွက်မျှင်ငါးပိများကို မေလ ဒုတိယပတ်မှ မေလ ၂၆ ရက်နေ့ထိ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၅,၀၀၀ မှ ၇,၀၀၀ ထိ ရောင်းချနေရကြောင်း သိရသည်။ "လက်ရှိမျှင်ငါးပိတွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ မျှင်ငါးပိ ၁၀ ပိဿာကို ငွေကျပ် ၂၅၅,၀၀၀ ထိ ဈေးပေါက်နေတယ်။ ဒေသထွက်မျှင်ငါးပိတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကလဲ ဝယ်ယူမှုအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က မျှင်ငါးပိအရောင်းအဝယ်သမားတွေက ဒေသထွက်မျှင်ငါးပိတွေကို မှာယူတဲ့ဒေသထိ အရောက်ပို့ပေးတယ်။ ဒေသထွက်မျှင်ငါးပိတွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲမရှိဘူး"ဟု လပွတ္တာမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြသည်။ လပွတ္တာမြို့နယ်တွင် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်မျှင်ငါးပိများကို အခြားဒေသများသို့စနစ်တကျထုပ်ပိုးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မျှင်ငါးပိများ၊ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေကြကြောင်း သိရသည်။ Source: https://myantrade.gov.mm/article/naypyitaw_27052025_1133

## ပခုက္ကူကြက်သွန်နီ မေလ (တတိယပတ်)ဈေးနှုန်းဈေးကွက်နှင့် အရောင်းအဝယ်ဖြစ်မှုအခြေအနေ

မကွေးတိုင်းဒေသကြီးပခုက္ကူခရိုင် ကြက်သွန်နီ စိုက်ပျိုးရာဒေသများဖြစ်သော ပေါက်၊ ဆိပ်ဖြူ၊ ကမ္မ၊ ရေပြာတို့မှ ဆောင်းစိုက် (ပင်စိုက်) ကြက်သွန်နီများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ပခုက္ကူ ကြက်သွန်နီကုန်စည်ဒိုင်သို့ ပခုက္ကူမြို့နယ်အတွင်းရှိ ကျွန်းနယ်များသာမက ရေနံချောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦး ခရိုင်အတွင်းရှိ ကျေးရွာများမှလည်း ဥပုသ်နေ့မှလွဲ၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပခုက္ကူကြက်သွန်နီဈေးကွက်အနေဖြင့် ယခုတစ်ပတ်တွင် ဈေးငြိမ်နေပြီး တစ်ရက်လျှင်ကုန်ချိန် ၈၀,၀၀၀ မှ ၁၀၀,၀၀၀ ထိ အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်သို့ ယခင်အပတ်ထက် ကုန်ဝင်ရောက်မှုမှာ များလျက်ရှိလာကြောင်း သိရသည်။

၂၀၂၅ခုနှစ်၊မေလ(တတိယပတ်)တွင် ကြက်သွန်နီကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်ခဲ့သောဈေးနှုန်းမှာ တစ်ပိဿာလျှင် ထိပ်စ ကျပ် ၁,၃၀၀ ၊ အလတ် ကျပ် ၁,၀၀၀ ၊ အနိမ့်စ ကျပ် ၈၀၀ ဖြစ်ပြီး ယခင်ဧပြီလ (တတိယပတ်)တွင် တစ်ပိဿာလျှင် ထိပ်စ ကျပ် ၁,၄၅၀ အလတ်စ ကျပ် ၁,၁၀၀၊ အနိမ့်စ ကျပ် ၉၀၀ ဖြစ်၍ မေလ (တတိယပတ်)နှင့် ဧပြီလ(တတိယပတ်)တို့နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ကျပ် ၁၅၀ ခန့် ဈေးကျပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ကုန်ချိန်မှာ ပိဿာချိန် ၄၇၀,၀၀၀ ခန့်ဖြစ်ပြီး တင်ပို့မှုအနေဖြင့် ရန်ကုန်၊ ဟသာၤတနှင့် မြဝတီမြို့များသို့ နေ့စဉ်တင်ပို့နေကြောင်း ကုန်သည်များထံမှ သိရသည်။

ပခုက္ကူမြို့မစည်ပင်ဈေးနှင့် အမှတ် ၂ ဈေးတွင် ရောင်းချနေသော ကြက်သွန်နီလက်လီဈေးမှာ တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၁,၆၀၀ မှ အနိမ့်ဈေး ကျပ် ၁,၀၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

Source: https://doca.gov.mm/my/node/39040

# နိုင်ငံတကာဈေးကွက်

## ကမ္ဘောဒီးယားမှ တင်သွင်းသည့်ဆန်အပေါ် အခွန်သုညရာခိုင်နှုန်းသို့ ဗီယက်နမ် လျှော့ချမည်

ဗီယက်နမ်နိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံထံမှ တင်သွင်းသည့်ဆန်များအပေါ် အခွန်စည်းကြပ်မှုကို သုညရာခိုင်နှုန်းသို့ လျှော့ချခြင်းအား ၂ နှစ်တာကာလအထိ ဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။ ဗီယက်နမ်ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် ကမ္ဘောဒီးယားနိုင်ငံထံမှ တင်သွင်းသော ဆန်စပါးများအပေါ် အခွန်စည်းကြပ်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍

စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်ရာအေဂျင်စီများထံမှ သဘောထားမှတ်ချက်များကို ရယူနိုင်ရန်အတွက် မေလ ၁၉ ရက်နေ့ ညနေပိုင်းတွင် အီလက်ထရွန်းနစ် သတင်းအချက်အလက်စကြိုဝ်စနစ်၌ သွင်းကုန်အခွန်ခွဲတမ်းကြီးကြပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းစာမူကြမ်းကို ထုတ်ပြန်ခဲ့သည်။

အဆိုပါမူကြမ်း၌ ဗီယက်နမ်အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံထံမှ တင်သွင်းသော ဆန်စပါးများအပေါ် အထူးသက်သာခွင့် အခွင့်အရေးပေးမှုအဖြစ် အကောက်ခွန်နှုန်းထားကို သုညရာခိုင်နှုန်းအထိ လျှော့ချပေးမည်ဖြစ်ကြောင်း၊ သို့သော် တင်သွင်းခွင့်ပြုမည့် ပမာဏကို နှစ်စဉ်သတ်မှတ်မည်ဖြစ်ကြောင်း၊ ၎င်းအခွန်နှုန်းထားသည် ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်များအတွင်း၌သာ တရားဝင်သက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ ထိုသို့တင်သွင်းသော ဆန်စပါးများအတွက် ကမ္ဘောဒီးယားနိုင်ငံရှိ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က ထုတ်ပေးသည့်ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (C/O Form S) ပါဝင်ရမည်ဖြစ်ကြောင်း၊ ဗီယက်နမ်အစိုးရ က တရားဝင်ကြေညာသည့် ခွဲတမ်းသတ်မှတ်ချက်နှင့် အကျုံးဝင်သည့် တင်သွင်းမှုပမာဏ အတွင်းသာရှိရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဤအစီအစဉ်အရ ဆန်စပါးတင်သွင်းရာတွင်တင်သွင်းခွင့်ခွဲတမ်းကို အကောက်ခွန်ဌာနရှိအလိုအလျောက် စာရင်း လျှော့ချနုတ်ပယ်သည့်စနစ်ဖြင့် စီမံခန့်ခွဲမည်ဖြစ်ပြီး သွင်းကုန်လုပ်ငန်းရှင်အနေဖြင့် သီးခြားပါမစ်ကြိုတင်လျှောက်ထားရန် မလိုဘဲ ပုံမှန်သွင်းကုန်လုပ်ငန်းစဉ်များ အတိုင်းသာလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အကောက်ခွန်ဌာနသည် ခွဲတမ်းပမာဏ ကုန်ဆုံးသည်အထိ အလိုအလျောက် နုတ်ပယ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခုမူဝါဒသည် ၂၀၂၅ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ဗီယက်နမ်နှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံအကြားရေးထိုးခဲ့သော နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ရန်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ ဗီယက်နမ် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက ယခုမူဝါဒသည် ကမ္ဘောဒီးယားမှ ဆန်စပါးတင်သွင်းမှုအပေါ် သွင်းကုန်အခွန် အပြည့်အဝလျှော့ချ သက်သာခွင့်ပြုမည့်အစား ထိန်းချုပ်မှုရှိသော ကုန်သွယ်ရေးဆိုင်ရာ သက်သာခွင့်တစ်ရပ် အဖြစ် လုပ်ဆောင်မည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။

Source: Saigon Giai Phong News , 20 May 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_27052025_1047

## အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်း၌ ဆန်သိုလှောင်မှုမြင့်မားလျက်ရှိသောကြောင့် လိုအပ်နေသော နိုင်ငံများသို့ ဆန် တင်ပို့မည်

အင်ဒိုနီးရှားနိုင်ငံသည်လွန်ခဲ့သောလေးလအတွင်း ပြည်တွင်း၌ ဆန်သိုလှောင်မှု မြင့်မားခဲ့သောကြောင့် လိုအပ်သော နိုင်ငံများသို့ ဆန်တင်ပို့မှုစတင်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ဧပြီလ ၂၃ ရက်နေ့က အင်ဒိုနီးရှားသမ္မတ Prabowo Subianto မှ ကြေညာခဲ့သည်။ မလေးရှားအပါအဝင် နိုင်ငံအများအပြားသည် အင်ဒိုနီးရှားမှ ဆန်တင်သွင်းရန်ကြိုးပမ်းနေသည့် သတင်းများကို တုံ့ပြန်သည့်အနေဖြင့် ထိုကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ တင်ပို့မည့်နေရာများကို မသတ်မှတ်ထားသော်လည်း ပြည်ပသို့တင်ပို့မည့်ဆန်များသည် ဈေးနှုန်းအလွန်ကြီးမြင့်နေရန် မသင့်တော်ကြောင်း Prabowo က မှတ်ချက်ပြုခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုအရ အမြတ်အစွန်းများစွာမရှာသင့်ကြောင်း၊ ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် စီမံခန့်ခွဲရေး စရိတ်စကများအား ကာမိစေရန်အရေးကြီးကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် အခြားနိုင်ငံများအား ကူညီပေးနိုင်သော နိုင်ငံ တစ်နိုင်ငံဖြစ်သည်ကို သက်သေပြချင်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်း ဆန်သိုလှောင်မှုမှာ တန်ချိန် ၃ သန်းအထိရောက်ရှိခဲ့ပြီး ဆယ်စုနှစ်နှစ်ခုအတွင်း အမြင့်ဆုံးအဆင့်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး Andi Amran Sulaiman က ပြောကြားခဲ့သည်။ Source: https://www.doca.gov.mm

Source:https://myantrade.gov.mm/article/naypyitaw_23052025_1117

## ထိုင်းနိုင်ငံ၊ အစိုးရသည် ဆန်ပို့ကုန်လိုင်စင်ကြေး လျှော့ချပေးခဲ့

ထိုင်းနိုင်ငံအစိုးရသည် ဆန်တင်ပို့သည့်ကဏ္ဍတွင် လက်ဝါးကြီးအုပ်မှုကို အဆုံးသတ်ရန်ကြိုးပမ်းလိုသောကြောင့် လယ်သမားများ၏ အသေးစား၊ အလတ်စားလုပ်ငန်းများ ကမ္ဘာ့ဈေးကွက်သို့ ဆန်ရောင်းချနိုင်စေရန် ပို့ကုန်ကန့်သတ်ချက်များ ကို ဖြေလျှော့ပေးလိုက်ကြောင်း သိရသည်။

လက်ဝါးကြီးအုပ်မှုပုံစံအားလုံးသည် ပြည်သူအတွက် ကုန်ကျစရိတ်များတိုးမြင့်စေကြောင်း၊ အစိုးရအနေဖြင့် လက်ဝါး ကြီးအုပ်မှုများကို ဖြိုခွင်းသည့်လုပ်ငန်းစဉ်ကို အထူးသဖြင့် ဆန်စပါးလုပ်ငန်းကဏ္ဍတွင် အရှိန်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး လယ်သမားများနှင့် SME လုပ်ငန်းများ ကမ္ဘာအနှံ့ဆန်တင်ပို့နိုင်စေရန် ရည်ရွယ်ကြောင်း၊ အစိုးရအဖွဲ့က ဆန်ကုန်သွယ်မှု

လိုင်စင်ကြေးနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းအပေါ် ခွင့်ပြုခဲ့ကြောင်း၊ လုပ်ထုံးလုပ်နည်းအရ နိုင်ငံတကာဈေးကွက်အတွက် ရည်ရွယ်သော ဆန်ကုန်သည်များသည် ဆန်တင်ပို့ရန် ပို့ကုန်ပါမစ်အတွက် ပေးဆောင်ရန်လိုအပ်သည့်ပမာဏ လျှော့နည်းသွားမည်ဖြစ်ကြောင်း၊ ယခင်က ကျင့်သုံးခဲ့သည့်မူဝါဒမှာ ပြည်ပသို့ တင်ပို့သူများအားလုံးသည် မှတ်ပုံတင်ထားသော မည်သည့် အရင်းအနှီးမှမလိုအပ်ဘဲ ဘတ် ၅ သောင်း အထိပေးသွင်းပြီး ပါမစ်ရယူကြရကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ Mr. Jirayu Houngsubက ပြောကြားခဲ့သည်။

ယခုစည်းမျဉ်းအသစ်များအရ မှတ်ပုံတင်ထားသော အရင်းအနှီးဘတ် ၅ သန်းမှ ၁၀ သန်းအထိရှိသည့် အသေးစား ဆန်တင်ပို့သူများသည် ဆန်တင်ပို့ရန် ပို့ကုန်လိုင်စင်ကြေးဘတ် ၁ သောင်း၊ အလယ်အလတ် အရွယ်အစားဖြစ်သည့် မှတ်ပုံတင်ထားသည့် အရင်းအနှီးဘတ် ၂၀ သန်းမှ သန်း ၂၀ အထိရှိသည့် ဆန်တင်ပို့သူများသည် ပို့ကုန်လိုင်စင်ကြေးဘတ် ၃ သောင်းနှင့် မှတ်ပုံတင်ထားသော အရင်းအနှီးဘတ် သန်း ၂၀ ကျော်သည့် အကြီးစား ဆန်တင်ပို့သူများသည် ပို့ကုန်လိုင်စင်ကြေး ၅ သောင်း ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ဆန်ကိုထုပ်ပိုးပြီးတင်ပို့သူများသည် ပို့ကုန်လိုင်စင်ကြေး ဘတ်တစ်သောင်း၊ အစိုးရဌာနများနှင့် အတူ မှတ်ပုံတင်ထားသော ဆန်တင်ပို့သူများသည် လိုင်စင်ကြေးနှင့် လိုင်စင်သက်တမ်းတိုးကြေးကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက် ပြောကြားခဲ့သည်။

ကန့်သတ်ချက်များကို ဖြေလျှော့ပေးခြင်းဖြင့် ထိုင်းဆန်တောင်သူများသည် တင်ပို့ရန်ကုမ္ပဏီကြီးများကို မှီခိုရန်မလိုအပ်တော့သဖြင့် လွတ်လပ်သောကမ္ဘာကြီးတွင် ထိထိရောက်ရောက်ဖြင့် လွတ်လပ်စွာကုန်သွယ်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရသည်လည်း တောင်သူများ၏ အသက်မွေးဝမ်းကျောင်းအတွက် ရေရှည်စီးပွားရေး တည်ငြိမ်စေရေးဆောင်ရွက်ပေးရန် ကတိပြုထားကြောင်း၊ လုပ်ထုံးလုပ်နည်းပြောင်းလဲမှုများသည် ထိုင်းဆန် ပို့ကုန်ကဏ္ဍကိုပြောင်းလဲမှုဖြစ်စေပြီး လက်ဝါးကြီးအုပ်မှု၏ ဆက်စပ်ပြဿနာများကို အဆုံးသတ်စေရုံသာမက ကမ္ဘာ့ဈေးကွက်တွင်ယှဉ်ပြိုင်မည့် တောင်သူများနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကိုလည်း မြှင့်တင်ပေးရာရောက်ကြောင်း Mr. Jirayu က သုံးသပ်ထားသည်။

Source: www.bangkokpost.com , (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_22052025_13:46

## ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနသည် ဆန်တစ်ကီလို ပီဆို-၂၀ အစီအစဉ်အား ၂၀၂၈ ခုနှစ်ထိ ဆက်လက်သက်တမ်း တိုးဆောင်ရွက်သွားမည်ဖြစ်

ဖိလစ်ပိုင်သမ္မတမားကို့စ်ဂျူနီယာ၏ လမ်းညွှန်ချက်နှင့်အညီ ဆန်တစ်ကီလိုလျှင် ပီဆို-၂၀ ဖြင့် ဈေးကွက်အတွင်း ရောင်းချပေးနေသည့်အစီအစဉ်အား ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးမှ ၂၀၂၅ ခုနှစ် မေလ ၁၉ ရက်နေ့က သမ္မတနန်းတော်တွင် ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အစိုးရမှ ဆန်ထောက်ပံ့ပေးသည့်အစီအစဉ်တစ်ခုဖြစ်သော Benteng Bigas Meron (BBM)သည် ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ပြည်နယ်/တိုင်းအစိုးရများအာဏာပိုင်အဖွဲ့အစည်းများကြားပူးတွဲ၍ ရန်ပုံငွေထူထောင်ထားခြင်းဖြစ်သည်။ လက်တလောတွင် အဆိုပါအစီအစဉ်အား မက်ထရိုမနီလာနှင့် လူဇွန်ရီဂျီယာတို့တွင် စတင်အကောင်အထည်ဖော်လျက်ရှိပြီး အခြားသောရီဂျီယာများသို့ တိုးချဲ့သွားရန် ဆောင်ရွက်နေဆဲဖြစ်သည်။

၂၀၂၅ ခုနှစ်၊ မေလမှ စတင်ကြေညာဆောင်ရွက်ခဲ့သည့် BBM Program သည် လိုအပ်ချက်များပြီး ထိခိုက်လွယ်သော ရီဂျီယာများအတွက်ရည်ရွယ်ပြီး အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့(National Food Authority-NFA)၏ သက်တမ်းရင့်ဆန်လက်ကျန်များကို စီမံခန့်ခွဲသွားမည့်အစီအစဉ်တစ်ခုလည်းဖြစ်သည်။ Kadiwa Program ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ BBM Program အားပိုမိုကောင်းမွန်သည့် အစီအစဉ်တစ်ရပ် ဖြစ်စေမည်မှာ ပိုမိုသေချာကြောင်း၊ ဆန်ရောင်းချပေးမည့်ဆိုင်ခန်းများအနေဖြင့် နွေရာသီကာလအပူချိန်မြင့်မားသည့်အချိန်တွင် လေဝင်လေထွက်ကောင်းမွန်စေရန်နှင့် အမိုးအကာများဆောင်ရွက်ပေးခြင်းတို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ဆန်သက်သာဆိုင်များတွင် ဝယ်ယူသူများပြားသည့်အတွက် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းရသည့် အခက်အခဲများရှိနေသေးသော်လည်း အများပြည်သူနှစ်သက်သဘောကျသည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောကြားထားသည်။

Visayas နှင့် Mindoro ဒေသများတွင် စတင်ခဲ့ခြင်းဖြစ်ပြီး အဆင့် ၃ ဆင့် Three-Phase ဖြင့် ၂၀၂၄ ခုနှစ် အတွင်း တစ်နိုင်ငံလုံးထိ လွှမ်းခြုံရောင်းချနိုင်ရေး ရည်မှန်းဆောင်ရွက်ခဲ့ကြသည်။ Phase 2 အနေဖြင့် ဇူလိုင်လအတွင်း ဆင်းရဲနွမ်းပါးမှုမြင့်မားသောဒေသများဖြစ်သည့် Mindanao နှင့် Bicol ဒေသများတွင် ရောင်းချပေးရန် စီစဉ်ထားပြီး Phase 3 အနေဖြင့် Sultan Kudarat, Catanduanes နှင့် အခြားသောပြည်နယ်များတွင် ဆက်လက်ရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လာမည့် ဇွန်လထဲတွင် ဆန်တစ်ကီလိုလျှင် ပီဆို-၂၀ ဖြင့် ရောင်းချပေးမည့် သက်သာဆန်ဆိုင်အနည်းဆုံး ၅၅ ဆိုင်ထိဖွင့်နိုင်ရန် ရည်ရွယ်ထားကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနသည် လူဇွန်ဒေသရှိ ဆန်ကုန်သည်အချို့အား စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်ဟုသိရပြီး တောင်သူများထံမှ မမျှတသောဈေးနှုန်းဖြစ်သည့် တစ်ကီလိုလျှင် ၁၃ ပီဆိုနှင့် ၁၅ ပီဆိုကြားဈေးနှုန်းတို့ဖြင့် ဝယ်ယူလျက်ရှိသောကြောင့်ဟု ဖော်ပြထားသည်။ အခြားသောဒေသ ၃၂ ခုတို့ တွင်လည်း လေ့လာစောင့်ကြည့်လျက်ရှိကြောင်းနှင့် ဈေးနှိမ်ဝယ်ယူခြင်းများရှိပါကလိုအပ်သည့်စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ (ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_22052025_14:22

## ထိုင်းနိုင်ငံတွင်ကျင်းပမည့် ထိုင်းဆန်စပါးဆွေးနွေးပွဲမှ ပို့ကုန်အမှာစာ ဘတ် ၂ ဘီလီယံကျော်ရရှိနိုင်မည်ဟု ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခန့်မှန်း

ထိုင်းဆန်ပို့ကုန်များတိုးမြှင့်ရန်နှင့် အမှာစာ ဘတ် ၂ ဘီလီယံကျော်ရရှိရန်ရည်ရွယ်၍ ထိုင်းဆန်ဆွေးနွေးပွဲကို မေလနောက်ဆုံးပတ်တွင်ကျင်းပသွားရန်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ဆန်ဈေးကွက်တွင် ဈေးကွက်မိတ်ဆက်ရန်၊ ဆန်ပို့ကုန်တိုးမြှင့်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို စောင့်ကြည့်ရန် နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနကို ဝန်ကြီးက ညွှန်ကြားထားကြောင်း၊ ဆွေးနွေးပွဲကို မေလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်းစုံမှ ဆန်ဝယ်ယူသူများနှင့် သွင်းကုန်လုပ်ငန်းရှင်များ၊ တောင်အမေရိက၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းမှ ပို့ကုန်လုပ်ငန်းရှင်အသစ်များနှင့် ထိုင်းတောင်သူများကို ဖိတ်ကြားသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲသည် ကမ္ဘာ့ဆန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုအလားအလာများနှင့်လက်ရှိအခြေအနေများကို အမြင်မျှဝေခြင်းနှင့်ချိတ်ဆက်မှုအခွင့်အလမ်းများရရှိစေမည်ဖြစ်ကြောင်း၊ ထို့ပြင်ထိုင်းအစိုးရနှင့် ပုဂ္ဂလိကဆန်တင်ပို့သူများကို ထိုင်းကုန်သွယ်ရေးမိတ်ဖက်များထံမှ သွင်းကုန်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်မှုရရှိစေမည်ဖြစ်ပြီး သဘောတူညီချက်များ ထိရောက်ရှိစေမည့် အလားအလာများရှိကြောင်း ဝန်ကြီး H.E Mr. Pichai Nariptha-phan က ပြောကြားခဲ့သည်။

ဆွေးနွေးပွဲသည် ဆန်အမှာစာတန်ချိန် ၁၀၀,၀၀၀ အနည်းဆုံးရရှိရန် ခန့်မှန်းထားပြီး တန်ဖိုးအားဖြင့် ဘတ် ၂ ဘီလီယံရရှိရန်ခန့်မှန်းထားကြောင်း၊ ပို့ကုန်များသည် ထိုင်းဆန်ပို့ကုန်များအတွက် ဝယ်လိုအားထိန်းထားရန်လိုအပ်ပြီး တောင်သူများအတွက် ဝင်ငွေရရှိစေရန်ဖြစ်ကြောင်း၊ ဒေသများစွာတွင် ပထဝီဝင်နိုင်ငံရေး တင်းမာမှုများရှိနေသော်လည်း ထိုင်းနိုင်ငံ၏ ကုန်သွယ်ရေးမိတ်ဖက်များအတွက် ထိုင်းနိုင်ငံသည် စိတ်ချရသည့် အစားအစာ ရင်းမြစ်ဖြစ်သည့် ရပ်တည်ချက်ဖြင့် ကမ္ဘာ့ဆန်ဈေးကွက်ကို စောင့်ကြည့်ရန်ဖြစ်ကြောင်း၊ “Affordable Fertiliser Programme 2025” ကို တောင်သူများ၏ အပြုသဘောတုံ့ပြန်ချက်များရရှိကြောင်း၊ အစီအစဉ်ကြေညာချိန်မှစ၍ ဓာတ်မြေဩဇာအိတ် ၁ သန်းကျော် အမှာစာရရှိခဲ့ပြီး တောင်သူများအတွက် ဘတ် ၃၀ သန်းသက်သာစေခဲ့ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

ThaiFex Anuga 2025 တွင် ထိုင်းနိုင်ငံ၏ အဓိကဆန်ထုတ်လုပ်သည့်ပြည်နယ်များမှ ကုန်သည်များပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါပြပွဲမှ ဆန်အမှာစာ ဘတ် ၅၀၀ သန်းကျော်ရရှိရန် မျှော်မှန်းထားကြောင်း၊ ဦးစီးဌာနအနေဖြင့် ဖိလစ်ပိုင်နှင့် ဂျပန်တို့မှ သွင်းကုန်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းသွားရန်ရှိကြောင်း နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mrs. Arada Fuangtong က ပြောကြားခဲ့သည်။ Source: www.bangkokpost.com ,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_21052025_12:32

## ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအာဏာပိုင်အဖွဲ့(National Food Authority-NFA)သည် ဆန်တင်သွင်းခွင့်၊ ဖြန့်ဖြူးရောင်းချခွင့်လုပ်ငန်းများအား ပြန်လည်လုပ်ဆောင်လို

ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအာဏာပိုင်အဖွဲ့၏ အဓိကလုပ်ငန်းတာဝန်များကို ပြန်လည်အသက်သွင်းနိုင်ရေး ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဌာနတာဝန်ရှိသူများက ပြောကြားခဲ့သည်။ ၂၀၁၉ ခုနှစ်က ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် Rice Tariffication Law အရ အမျိုးသားစားနပ်ရိက္ခာဖူလုံရေး အာဏာပိုင်အဖွဲ့သည် ဆန်တင်သွင်းခွင့်၊ အများပြည်သူများထံသို့ တိုက်ရိုက်ရောင်းချခွင့်များအား လုပ်ကိုင်ခွင့်ဆုံးရှုံးခဲ့ပြီး အရန်ဆန်ရိက္ခာဖူလုံရေးကိုသာ ဆောင်ရွက်ခွင့်ရရှိထားခဲ့သည်။

အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအာဏာပိုင်အဖွဲ့အနေဖြင့် အရေးပေါ်အခြေအနေများအတွက် အရန်ဆန် ရိက္ခာဖူလုံစေရန် ပြည်တွင်းတောင်သူများထံမှ စပါး (Unmilled rice)များ ဝယ်ယူခြင်းသည် အကန့်အသတ်ရှိသဖြင့် ထိရောက်စွာဖြင့် လျှော့ချသွားမည်ဖြစ်ကြောင်း၊ သက်တမ်းရင့်သွားသည့်ဆန်များကို စားနပ်ရိက္ခာဖူလုံရေး အရေးပေါ်အခြေအနေ ကြော်ငြာသည့်ကာလတွင်သာ လေလံစနစ်ဖြင့်ဖြန့်ချီရသဖြင့် လေလံစနစ်ပြိုင်ဆိုင်မှုများ ကျရှုံးသည့်အခြေအနေမြင့်တက်လာခြင်းသည် ဆန်များပျက်စီးဆုံးရှုံးမှုပိုမိုများပြားနိုင်ကြောင်း ဖော်ပြပါရှိသည်။

မကြိတ်ခွဲရသေးသည့် ဆန်(စပါး)သည် ၆ လခန့်ခံသည့်အချိန်တွင် ကြိတ်ခွဲပြီးဆန်များသည် ၂ လမှ ၃ လ အတွင်း ပျက်စီးဆုံးရှုံးနိုင်ခြေရှိကြောင်း၊ သို့သော်လည်း ပထမဝင်ရောက်ခဲ့သည့်ဆန်အား ပထမထုတ်ပေးသည့် စနစ်ကျင့်သုံးမည်ဆိုပါက ၉ လမတိုင်မီ လေလံစနစ်ဖြင့် ရောင်းချနိုင်ကြောင်းဖော်ပြပါရှိသည်။ ထိုကဲ့သို့သော အခြေအနေများသည် ဆန်အရည်အသွေး ကျဆင်းနိုင်ခြေများပြီး ထိန်းသိမ်းခများပိုမိုကျသင့်မည်ဖြစ်သောကြောင့် အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအာဏာပိုင်အဖွဲ့ကို ဈေးကွက်တွင်းသို့ ဆန်များတိုက်ရိုက်ဖြန့်ဖြူးခွင့်ပေးမည်ဆို လျှင် အရည်အသွေးကောင်းသော ဆန်များအား သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်မည်ဖြစ် ကြောင်း ပြောကြားထားသည်။

ကန့်သတ်ချက်များရှိနေခြင်းကြောင့် တိုင်းပြည်၏ အရန်ဆန် ၁၀ ရက်တာကာလ ဖူလုံစေရန် ၅၀ ကီလိုပါအိတ် ဆန်တန်ချိန် ၇ ဒသမ ၇ သန်းထက်မနည်းသည့်ပမာဏကို တိုးမြှင့်ဝယ်ယူသိုလှောင်ထားလိုသော်လည်း ဆန်သိုလှောင်ရုံများ မလုံလောက်သည့် အခက်အခဲများဖြစ်ပေါ်နေသည်။ ထို့အတွက် NFA အနေဖြင့် ယခင်ကဲ့သိုသော တာဝန်များ ပြန်လည် လုပ်ဆောင်ခွင့်ရရှိမည်ဆိုလျှင် တိုင်းပြည်၏ဆန်လုပ်ငန်းကဏ္ဍအခြေအနေကိုမူတည်၍ ပိုမိုထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်နိုင်မည်ဖြစ်သည်။ အများပြည်သူထံသို့ ဆန်များတိုက်ရိုက်ရောင်းချခွင့်နှင့် တောင်သူများနှင့် စားသုံးသူများ အကျိုးဖြစ်ထွန်းစေမည့် နည်းလမ်းများဖြင့် ဈေးကွက်တွင်း ဝင်ရောက်ခွင့်ရရှိမည်ဆိုလျှင် NFA ရန်ပုံငွေများအား အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

Rice Tariffication Law တွင်ပါဝင်သည့် NFA ၏လုပ်ပိုင်ခွင့်နှင့်တာဝန်များ ပြင်ဆင်ထားသည့် ဥပဒေ မူကြမ်းအား လွှတ်တော်တွင် တင်ပြဆွေးနွေးခဲ့ရာ လွှတ်တော်စိုက်ပျိုးရေးလုပ်ငန်းကော်မတီ၏ ပယ်ချခြင်းခံထားရကြောင်း NFA ကောင်စီ ဥက္ကဋ္ဌမှ ပြောကြားခဲ့သည်။ (ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21052025_13:19

## တရုတ်နိုင်ငံသည် ဘရာဇီးလ်ပဲပုပ်များအတွက် အလားအလာများစွာရှိသည့် ထိပ်တန်းနေရာအဖြစ် ဆက်လက်တည်ရှိနေ

တရုတ်နိုင်ငံသည် ဘရာဇီးလ်နိုင်ငံ၏ ပဲပုပ်တင်ပို့မှုစုစုပေါင်း၏ ၇၀-၈၀ ရာခိုင်နှုန်းခန့်ရှိပြီး ထိပ်တန်းတင်သွင်းသည့် နိုင်ငံဖြစ်ခဲ့ကြောင်း ဘရာဇီးလ် ပဲပုပ်စိုက်ပျိုးသူများအသင်း(Aprosoja Brasil)၏ဥက္ကဋ္ဌ Maurício Buffon က Global Times နှင့် အင်တာဗျူးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဘရာဇီးလ်နှင့် တရုတ်တို့အကြား ကုန်သွယ်မှုမိတ်ဖက်ဆက်ဆံရေးသည် ဘရာဇီးလ်အတွက်အလွန်အရေးကြီးကြောင်း၊ ကြီးမားသည့် တရုတ်ဈေးကွက်၏ဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် ဘရာဇီးလ်နိုင်ငံမှ ပဲပုပ်များသည် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်အချိုးမှာ အကောင်းဆုံးဖြစ်ကြောင်း၊ ဘရာဇီးလ်ပဲပုပ်များသည် အရည်အသွေး၊ ထုတ်လုပ်မှုစွမ်းအားနှင့် အခြား ပဲပုပ်ထုတ်လုပ်သည့် နိုင်ငံများနှင့်နှိုင်းယှဉ်ပါက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်ခြင်းတို့ကြောင့် ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု Buffon က ပြောကြားခဲ့ကြောင်း သိရသည်။

ဧပြီလအစောပိုင်းတွင် တရုတ်နိုင်ငံသည် ဘရာဇီးလ်နိုင်ငံမှ စုစုပေါင်းပဲပုပ်တန်ချိန် ၂ ဒသမ ၄ သန်း ဝယ်ယူရေး စာချုပ်များချုပ်ဆိုခဲ့ပြီး တရုတ်၏ ပျမ်းမျှလစဉ် ပဲပုပ်တင်သွင်းမှု၏ သုံးပုံတစ်ပုံနီးပါးရှိကြောင်း၊ ဧပြီလ အစောပိုင်း၌ တရုတ်နိုင်ငံမှ ဝယ်လိုအားတိုးလာခြင်းသည် မျှော်လင့်ထားသည့်အတိုင်း စားသုံးမှုပိုများလာခြင်းကြောင့် ဝယ်လိုအားတိုးလာခြင်းဖြစ်သည်ဟု Buffon က ပြောကြားခဲ့ကြောင်း သိရသည်။

မကြာသေးမီက တရုတ်နှင့် အမေရိကန်တို့အကြား အကောက်ခွန်ဖယ်ရှားခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းဆိုင်ရာ ပူးတွဲ ထုတ်ပြန်ချက်တစ်ခုအပြီးတွင်ပင် ဘရာဇီးလ်ပဲပုပ်တင်ပို့သူများသည် ချက်ချင်းအကျိုးသက်ရောက်မှုကို မခံစားရနိုင်ကြောင်းနှင့် ဘရာဇီးလ်ပဲပုပ်များသည် ဈေးနှုန်းပိုမိုယှဉ်ပြိုင်နိုင်ကြောင်း Buffon က ပြောကြားခဲ့သည်ဟု သိရသည်။

လက်ရှိတွင် အမေရိကန်၌ ပဲပုပ်စိုက်ပျိုးပြီးဖြစ်သောကြောင့် ထုတ်လုပ်သူများအနေဖြင့် စိုက်ဧရိယာ ထပ်တိုးရန်နှင့် ရောင်းလိုအားထပ်တိုးရန် ပြင်ဆင်ချိန်မရှိကြောင်း၊ ကာလတိုတွင် အကျိုးသက်ရောက်မှု နည်းသော်လည်း ၂၀၂၅/၂၀၂၆ တွင် ဘရာဇီးပဲပုပ်ဝယ်လိုအားမှာ ကန့်သတ်ချက်ရှိနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရသည်။

ကိန်းဂဏန်းအချက်အလက်များအရ တရုတ်နိုင်ငံသည် ဘရာဇီးလ်မှ ပဲပုပ်ကို အဓိကဝယ်ယူသူအဖြစ် ဆက်လက် တည်ရှိနေကြောင်း၊ ဘရာဇီးလ်လယ်ယာစိုက်ပျိုးရေးနှင့် ထောက်ပံ့ရေးဝန်ကြီးဌာန၏အဆိုအရ ၂၀၂၃/ ၂၀၂၄ ရိတ်သိမ်းချိန်တွင် စုစုပေါင်းပဲပုပ်ထုတ်လုပ်မှုသည် တန်ချိန် ၁၄၇ သန်းရှိပြီး တရုတ်နိုင်ငံသို့ တန်ချိန် ၈၇ သန်းခန့်တင်ပို့ခဲ့ကြောင်း၊ ၂၀၂၅/၂၀၂၆ ရိတ်သိမ်းချိန်တွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုပ်တန်ချိန် ၁၆၅ သန်းထွက်ရှိရန် မျှော်မှန်းထားသည့်အနက် တန်ချိန် ၁၁၀ သန်း တင်ပို့ ရန်မျှော်မှန်းထားပြီး ယင်းတို့အနက် တရုတ်နိုင်ငံသို့ တင်ပို့ မှုသည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်မည်ဟု ဘရာဇီးလ် ပဲပုပ်လုပ်ငန်းကိုယ်စားလှယ်က ပြောကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်သီတင်းပတ်က ဘရာဇီးလ်သမ္မတ Luiz Inacio Lula da Silva ၏တရုတ်နိုင်ငံသို့ နိုင်ငံတော် အလည်အပတ်ခရီးစဉ်အပြီးတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုအားကောင်းလာကာ စီးပွားရေးနှင့် ကုန်သွယ်ရေး ဆက်ဆံမှုများသည် အဓိကကျသည့်အပိုင်းမှ ပါဝင်ကြောင်းနှင့် အဆိုပါခရီးစဉ်အတွင်း သိပ္ပံနှင့်နည်းပညာ၊ စိုက်ပျိုးရေးနှင့်ဘဏ္ဍာရေးအပါအဝင် နယ်ပယ်အစုံတွင် ပူးပေါင်းဆောင်ရွက်မှုစာချုပ် ၂၀ ခုကို လက်မှတ်ရေးထိုး ခဲ့ကြကြောင်း သိရသည်။

ဘရာဇီးလ်မှပဲပုပ်များသည် နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေး၏ သင်္ကေတတစ်ခုမျှသာဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်ကတည်းက ၎င်း၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သည့် တရုတ်နိုင်ငံသို့ ဘရာဇီးလ်၏တင်ပို့မှုများကို ကွဲပြားစေရန် ဆက်လက်ကြိုးပမ်းမှုများကို Xinhua သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဘရာဇီးလ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ဥက္ကဋ္ဌ Jorge Viana က ဆွေးနွေးခဲ့ကြောင်း၊ ပဲပုပ်၊ ဆီနှင့် သတ္တုရိုင်းကဲ့သို့သော သမားရိုးကျပို့ကုန်များနှင့်အတူ တိရစ္ဆာန်ပရိုတင်း၊ သကြား၊ ဆယ်လူလို့စ်နှင့် ကော်ဖီကဲ့သို့သောကဏ္ဍများတွင် တိုးတက်လာမှုကို ဖော်ပြခဲ့ကြောင်း၊ ဤသို့ပို့ကုန်ကွဲပြားခြင်းသည် နှစ်နိုင်ငံကြား စီးပွားရေး ဆက်ဆံမှုကျယ်ပြန့်လာခြင်းကို မီးမောင်းထိုးပြလျက်ရှိကြောင်း သိရသည်။

အမေရိကန်၏ စည်းကြပ်ခွန်ကောက်ခံမှုကြောင့် တရုတ်နိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံမှုအပေါ် သက်ရောက်မှုနှင့်ပတ်သက်သည့် မေးခွန်းအပေါ် တရုတ်နိုင်ငံသည် လယ်ယာထွက်ကုန်များကို နိုင်ငံစုံမှတင်သွင်းရန် အရှိန်မြှင့် ဆောင်ရွက်ခဲ့သဖြင့် တရုတ်နိုင်ငံ၏ စားနပ်ရိက္ခာထောက်ပံ့မှုသည် ဖူလုံမှုရှိသည်ဟု တရုတ်နိုင်ငံ၏ ထိပ်တန်း စီးပွားရေးစီမံကိန်းရေးဆွဲသူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြုပြင်ပြောင်းလဲရေးကော်မရှင်၏လက်ထောက် အကြီးအကဲ Zhao Chenxin က ဖြေကြားခဲ့ကြောင်း သိရသည်။

ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ခြင်းနှင့် မတူညီသည့်နိုင်ငံများမှ တင်သွင်းခြင်းတို့ကို စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံလုံလောက်မှုနှင့် အမျိုးသားစားနပ်ရိက္ခာဖူလုံမှုတို့အပေါ် ခိုင်ခိုင်မာမာယုံကြည်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ကောက်ပဲသီးနှံအထွက်နှုန်းသည် တရုတ် အချိန်အတွယ်ကျင် ၁ ဒသမ ၄ ထရီလီယံရှိခဲ့သဖြင့် တရုတ်ပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံမှုရှိကြောင်း Zhao က ပြောကြားခဲ့သည်ဟု သိရသည်။

Source: en.people.cn/n3/2025/0521/c90000-20317734.html, (ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_27052025_11:59

## တရုတ်ရင်းနှီးမြှုပ်နှံသူများက အင်ဒိုနီးရှားစားအုန်းဆီစက်မှုလုပ်ငန်းများ၌ အမေရိကန်ဒေါ်လာ ၉ ဘီလီယံ ရင်းနှီး မြှုပ်နှံရန် စိတ်ဝင်စား

တရုတ်ရင်းနှီးမြှုပ်နှံသူများသည် အင်ဒိုနီးရှားနိုင်ငံတွင် စားအုန်းဆီစက်မှုလုပ်ငန်းများ၌ အမေရိကန် ဒေါ်လာ ၉ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်း အင်ဒိုနီးရှားစားအုန်းဆီကောင်စီ (The Indonesian Palm Oil Council)က ထုတ်ဖော်ပြောကြားခဲ့သည်။

အင်ဒိုနီးရှားစားအုန်းဆီကောင်စီဥက္ကဋ္ဌ Sahat Sinaga က "တရုတ်ရင်းနှီးမြှုပ်နှံသူများသည် ဆီအုန်းမှ စားအုန်းဆီအဖြစ်ထုတ်လုပ်သည့် လုပ်ငန်းစဉ်တစ်လျှောက်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုကြောင်း ၎င်းထံသို့ ဆက်သွယ်လာကြောင်း၊ စားအုန်းဆီထုတ်လုပ်ရန်အတွက် ပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် နည်းပညာများကို အသုံးပြုမည်ဖြစ်ကြောင်း၊ လက်ရှိတွင် စားအုန်းဆီထုတ်လုပ်မှုလုပ်ငန်းတွင် အသုံးပြုနေသည့်နည်းပညာမှာ ခေတ်နောက်ကျနေပြီး ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်မားနေကြောင်း၊ နည်းပညာအသစ်ကိုအသုံးပြုရန် မိမိအနေဖြင့် အဆိုပြုခဲ့ပြီး တရုတ်နိုင်ငံကလည်း စိတ်ဝင်စားမှုရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံရှိ အသေးစားဆီအုန်း စိုက်ပျိုးထုတ်လုပ်သူများကို အကူအညီပေးရန်အတွက် ဒေါ်လာဘီလီယံများစွာကို ယူဆောင်လာရန်အသင့်ဖြစ်နေကြောင်း" ဂျာကာတာမြို့တွင်ပြုလုပ်ခဲ့သည့် "Palm Oil Expo Indonesia(Palmex)2025" ၏ ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာ ၉ ဘီလီယံရင်းနှီးမြှုပ်နှံမည့်ကိစ္စမှာ ၂၀၂၆ ခုနှစ်မှစ၍ လာမည့် ၇ နှစ်အတွင်း ဆောင်ရွက်ရန် စီစဉ်ထားကြောင်း၊ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေသည် ဆီအုန်းအခိုင်များမှ စားအုန်းဆီထုတ်လုပ်သည့် စက်ပစ္စည်းများ ပိုမိုကောင်းမွန်လာစေရေးကို အဓိကထားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ Sahat Sinaga အရ သိရသည်။

"လုပ်ငန်းငယ်များအနေဖြင့် ဆီအုန်းအခိုင်များကို အခိုင်လိုက်ရောင်းချခြင်းအပြင် ပတ်ဝန်းကျင်နှင့် ကိုက်ညီသည့် နည်းပညာများအသုံးပြုခြင်းဖြင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်သည့် ရောင်းချမှုများမှတစ်ဆင့် အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာနိုင်မှုမှာ အစိုးရ၏ နိုင်ငံခြားသား လုပ်ငန်းရှင်ကို ကာဗွန်ထုတ်လွှတ်မှုရောင်းချရန် လိုင်စင်ထုတ်ပေးခြင်းအပေါ်တွင်မူတည်ကြောင်း၊ ကာဗွန်ရောင်းချရန်အတွက် ခွင့်ပြုချက်ရရှိထားသည့် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီမရှိသေးကြောင်း" ဥက္ကဋ္ဌ Sahat Sinaga က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားစာရင်းအင်းဌာန၏ အချက်အလက်များအရ စားအုန်းဆီကြမ်းနှင့် ဆီအုန်းကဏ္ဍ ဆက်စပ်ကုန်စည်များ တင်ပို့မှုမှာ ၂၀၂၅ ခုနှစ်၊ မတ်လတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၉ ဘီလီယံရှိပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလနှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၅၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ နှစ်အလိုက်အချက်အလက်များအရ ၂၀၂၄ ခုနှစ်၊ မတ်လတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ ဘီလီယံရရှိခဲ့သည့်အတွက် ယင်းနှင့်နှိုင်းယှဉ် ပါက ၂၀၂၅ ခုနှစ် မတ်လတွင် ၄၀ ဒသမ ၈၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ရင်းမြစ်။ Indonesian Palm Oil Association, (သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_22052025_14:38

## ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထိုင်းသစ်သီးဈေးနှုန်းများကျဆင်းနေခြင်းအပေါ် အာရုံစိုက်ဆောင်ရွက်လျက်ရှိ

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းနှင့် ပြည်ပမှထုတ်လုပ်သည့် သစ်သီး တန်ချိန် ၉၅၀,၀၀၀ ဖြန့်ဖြူးခြင်းကို အရှိန်မြှင့်တင်ခြင်းဖြင့် သစ်သီးဈေးနှုန်းကျဆင်းနေခြင်းကို ဖြေရှင်းလျက်ရှိကြောင်း သိရသည်။

သစ်သီးများပိုလျှံနေခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည် သစ်သီးတန်ချိန် ၉၅၀,၀၀၀ ကို ဖြန့်ဖြူးရန်ရည်ရွယ်၍ ထုတ်လုပ်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ပို့ကုန်နှင့်ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရန် အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနသည် ခူးဆွတ်ရာသီ စတင်ချိန်မှစ၍ တောင်သူများအတွက် ဖြန့်ချိရေးလမ်းကြောင်းများ တိုးချဲ့ရန် သစ်သီးအရောင်းမြှင့်တင်ရေး လုပ်ငန်းစဉ်များကို Siam Paragon၊ Central၊ The Mall နှင့် CP Axtra စသည့်လက်လီစတိုးဆိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးအသင်းအဖွဲ့များ၊ ဓာတ်မြေဩဇာထုတ်လုပ်သူများနှင့် စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ “Affordable Fertiliser Programme 2025” ကို ဆောင်ရွက်ခဲ့ကြောင်း ဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်အရ တောင်သူများသည် စက်တင်ဘာလ ၃၀ ရက်နေ့ထိ အရည်အသွေးမီ ဓာတ်မြေဩဇာများကို နိုင်ငံတစ်ဝှမ်းရှိ ဓာတ်မြေဩဇာရောင်းချသူ ၂၆ ဦးထံမှ တစ်အိတ်လျှင် ဘတ် ၅၀ နှင့် အထက် လျှော့ဈေးဖြင့်ရရှိနိုင်မည်ဖြစ်ပြီး အိတ်ရေ ၁၀ ဒသမ ဝ၆ သန်းထိဖြစ်ကြောင်း၊ ဝန်ကြီးဌာနသည် ဥရောပသမဂ္ဂ၊ တောင်ကိုရီးယား၊ အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ဆိုင်ရာညှိနှိုင်းမှုများကို ယခုနှစ်ဆုံးပိုင်းတွင် အပြီးသတ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ညှိနှိုင်းမှုများပြီးမြောက်သွားပါက ထိုင်းနိုင်ငံသည် နိုင်ငံ ၅၀ ကျော်နှင့် ကုန်သွယ်ရေးချိတ်ဆက်မှုရရှိမည်ဖြစ်ပြီး ပို့ကုန်လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများကို ဈေးကွက်သစ်များကို ရှာဖွေရန်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနသည် ထိုင်းနိုင်ငံနှင့် ပြည်ပရှိ ထိုင်းအစားအသောက်ထုတ်ကုန်များနှင့် ထိုင်းစားသောက်ဆိုင်များတွင် အစစ်အမှန်ဖြစ်ကြောင်း အာမခံသည့် Thai Select အသိအမှတ်ပြုအမှတ်အသားကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

အသစ်ဒီဇိုင်းရေးဆွဲထားသည့် အမှတ်တံဆိပ်သည် သစ်ခွပုံသဏ္ဌာန်ဂုဏ်ထူးဆောင်ကြယ်ဖြစ်ပြီး စားသောက်ဆိုင်များကို အဆင့် ၄ ဆင့်ခွဲခြားထားကာ Thai Select ကြယ် ၁ ပွင့်၊ ကြယ် ၂ ပွင့်၊ ကြယ် ၃ ပွင့် နှင့် Thai Select Casual တို့ဖြစ်ကြောင်း၊ ယင်းခွဲခြားချက်သည် ဘတ်ဂျက်ချွေတာသည့် စားသောက်သူများမှသည် အဆင့်မြင့်စားသောက်သူများအားလုံးအတွက် စားသောက်ဆိုင်များစွာကို လွှမ်းခြုံကြောင်း၊ ပြည်ပရှိ ထိုင်းစားသောက်ဆိုင်များကို Thai Select ဖြင့် အသိအမှတ်ပြုသွားရန် ရည်ရွယ်ထားပြီး ထိုင်းနိုင်ငံမှ ပါဝင်ပစ္စည်းများကို အသုံးပြုစေခြင်းဖြင့်နိုင်ငံ၏ စိုက်ပျိုးရေးပို့ကုန်များမြှင့်တင်ပေးရန်လည်း စီစဉ်ထားကြောင်း ဝန်ကြီး Mr. Pichai က ဆက်လက်ပြောကြားခဲ့သည်။

Source: www.bangkokpost.com၊ , (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_23052025_12:53

## ချီလီနိုင်ငံသည် ဆယ်စုနှစ်တစ်ခုကျော်ကြာတရုတ်နိုင်ငံ၏ ထိပ်တန်းချယ်ရီသီး ရောင်းချသူအဖြစ် ရပ်တည်ခဲ့

တရုတ်နိုင်ငံ၏ ချယ်ရီတင်သွင်းမှုအများဆုံးရင်းမြစ်အဖြစ်ချီလီသည် ဆယ်စုနှစ်တစ်ခုကျော်ကြာ ရပ်တည်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ အထွေထွေအကောက်ခွန် စီမံခန့်ခွဲရေး (GAC) ၏အချက်အလက်များအရ မေလ ၁၄ ရက်နေ့က ဖော်ပြခဲ့သည်။ ၂၀၂၅ ခုနှစ်၏ ဇန်နဝါရီလမှ ဧပြီလအတွင်း တရုတ်နိုင်ငံသည် ချီလီနိုင်ငံမှ ယွမ် ၁၇ ဒသမ ၅၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄ ဘီလီယံခန့်) တန်ဖိုးရှိချယ်ရီသီးများကို တင်သွင်းခဲ့ပြီး ယင်းကာလအတွင်း လက်တင်အမေရိကနိုင်ငံမှ တင်သွင်းမှုစုစုပေါင်း၏ ၁၆ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း GAC ၏ အချက်အလက်များအရသိရသည်။ ဇန်နဝါရီလမှ ဧပြီလအထိ နှစ်နိုင်ငံကုန်သွယ်မှုစုစုပေါင်းမှ ယွမ် ၁၆၃ ဒသမ ၁၉ ဘီလီယံရှိပြီး လွန်ခဲ့သည့် နှစ်ကထက် ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကာ စံချိန်သစ်တင်ခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးအား စတင်ခဲ့ကြသည်။ ချီလီသည် တရုတ်နိုင်ငံနှင့်

လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်ကို ပထမဆုံးလက်မှတ်ရေးထိုးသည့် လက်တင်အမေရိကနိုင်ငံဖြစ်ပြီး လက်ရှိတွင် တရုတ်နိုင်ငံ၏ တတိယအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်သည်။ နှစ်နိုင်ငံကြားကုန်သွယ်မှုသည် ၂၀၀၆ ခုနှစ်တွင် ယွမ် ၇၀ ဒသမ ၈၅ ဘီလီယံမှ ၂၀၂၄ ခုနှစ်တွင် ယွမ် ၄၃၇ ဒသမ ၉၅ ဘီလီယံအထိမြင့်တက်လာပြီး ပျမ်းမျှ နှစ်စဉ်တိုးနှုန်းမှာ ၁၁ ဒသမ ၂ ရာခိုင်နှုန်းဖြစ်သည်။ Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_23052024_1109

## တရုတ်နိုင်ငံသို့ တောင်အာဖရိက ရာသီသစ် ထောပတ်သီးများ ပထမအသုတ်အဖြစ် တင်ပို့နိုင်ခဲ့

တောင်အာဖရိကနိုင်ငံအနေဖြင့် ထောပတ်သီးထွက်ရှိသည့် ရာသီ၏ပထမဆုံးအသုတ်အဖြစ် တရုတ်နိုင်ငံသို့ ထောပတ်သီးများတင်ပို့နိုင်ခဲ့ကြောင်း တောင်အာဖရိကစိုက်ပျိုးရေးဝန်ကြီးဌာန၊ ဝန်ကြီး John Steenhuisen က အတည်ပြုခဲ့သည်။ ၂၀၂၅ ခုနှစ် မေလ ၁၃ ရက်(အင်္ဂါနေ့)တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် တောင်အာဖရိက ထောပတ်သီးလုပ်ငန်း၏ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ရန် ကြိုးပမ်းမှုရလဒ်အဖြစ် ယခုနှစ် ထောပတ်သီးရာသီ၏ပထမဆုံးအသုတ်ကို တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့သို့ တင်ပို့နိုင်ခြင်းဖြင့် သက်သေပြနေကြောင်း John Steenhuisen က ကျေနပ်အားရစွာဖြင့် ဖော်ပြခဲ့သည်။

ယင်းသို့ထောပတ်သီးတင်ပို့နိုင်မှုသည် ထောပတ်သီးကဏ္ဍအတွက် စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်လမ်းများဖန်တီးပေးနိုင်မှုတို့တွင် အထောက်အကူဖြစ်စေကြောင်း၊ တရုတ်နိုင်ငံသို့ စောစီးစွာတင်ပို့ဆောင်ရွက်နိုင်မှုသည် တောင်အာဖရိက၏ ထောပတ်သီးလုပ်ငန်းအတွက် ကြိုးစားအားထုတ်မှု၊ ဆန်းသစ်တီထွင်မှုနှင့် ဇဟာဗျူဟာမြောက် အမြော်အမြင်ရှိမှုတို့၏ ရလဒ်များဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဝန်ကြီးက ပီရူးနိုင်ငံကဲ့သို့သော ထောပတ်သီးတင်ပို့မှု၏ အဓိကပြိုင်ဘက်များနှင့်နှိုင်းယှဉ်ပါက တရုတ်နိုင်ငံသို့ သယ်ယူပို့ဆောင်ချိန်တိုးတောင်းခြင်းအပါအဝင် တောင်အာဖရိက ထုတ်လုပ်သူများ၏ မဟာဗျူဟာမြောက်အားသာချက်များရှိကြောင်း ထောက်ပြခဲ့သည်။ အဆိုပါထောက်ပံ့ပို့ဆောင်ရေးအားသာချက်ကြောင့် တောင်အာဖရိက ထောပတ်သီးများကို ရောင်းလိုအားနည်းသောကာလအတွင်း တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် ဩဂုတ်လတွင် တရုတ်နှင့် တောင်အာဖရိကတို့သည် အပင်ပိုးမွှားကင်းစင်ရေးဆိုင်ရာ သဘောတူညီချက် (phytosanitary agreement)လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပထမဆုံးအကြိမ်အဖြစ် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် တောင်အာဖရိက ထောပတ်သီးတန်ချိန် ၂၀ တန်ကို ရှန်ဟိုင်းမြို့သို့ တင်ပို့ဆောင်ရွက်ခဲ့သည်။ ယင်းသည် တောင်အာဖရိက အနေဖြင့် ကင်ညာနိုင်ငံပြီးလျှင် တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိသည့် တတိယမြောက်နိုင်ငံဖြစ်လာခဲ့သည်။

အရင်းအမြစ်။ https://en.people.cn/n3/2025/0515/c90000-20315140.html, (လျှန်ရှန်းမှန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21052025_12:53

## ကော်ဖီထုတ်လုပ်မှုအရှိန်မြှင့်တင်ရန် အင်ဒိုနီးရှားရည်ရွယ်

အင်ဒိုနီးရှားနိုင်ငံ Coordinating Minister for food ဖြစ်သူ Zulkifli Hasan က အင်ဒိုနီးရှားသည် ပြည်တွင်းကော်ဖီထုတ်လုပ်မှုအရှိန်မြှင့်တင်ပြီး ကမ္ဘာ့ဒုတိယအကြီးမားဆုံး ကော်ဖီထုတ်လုပ်သူဖြစ်သည့် ဗီယက်နမ်ကိုကျော်ဖြတ်ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။ ဝန်ကြီးက နှစ်စဉ်ကော်ဖီထုတ်လုပ်မှု တန်ချိန် ၇၀၀,၀၀၀ ကျော်နှင့်အတူ အင်ဒိုနီးရှားသည် ကမ္ဘာ့စတုတ္ထနေရာတွင်ရပ်တည်နေပြီး မှန်ကန်သောမဟာဗျူဟာများချမှတ်ပါက ထိုကိန်းဂဏန်းသည် သိသာစွာမြင့်တက်နိုင်ကြောင်း ယုံကြည်လျက်ရှိသည်။

လတ်တလောတွင် ကော်ဖီဈေးနှုန်းသည် အလွန်သင့်လျော်ကောင်းမွန်နေသည့်အတွက် ထုတ်လုပ်မှုမြှင့်တင်ရန် လိုအပ်ကြောင်း ဝန်ကြီးက World of Coffee Jakarta ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။ ထုတ်လုပ်မှုမြှင့်တင်မည့် မဟာဗျူဟာများတွင် ပိုမိုအရည်အသွေးကောင်းမွန်သော မျိုးစေ့များကိုအသုံးပြုခြင်း၊ ရိတ်သိမ်းပြီးနောက်ပြုပြင်ထုတ်လုပ်မှု တိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့် အင်ဒိုနီးရှားကော်ဖီတန်ဖိုးမြှင့်တင်ရန် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ထုပ်ပိုးမှုပုံစံအသုံးပြုခြင်းတို့ပါဝင်ကြောင်း သိရသည်။

Hasan ၏အဆိုအရ အင်ဒိုနီးရှားတွင် ကော်ဖီစိုက်ပျိုးရန်အတွက် ကျယ်ပြန့်သောမြေဧရိယာကို ပိုင်ဆိုင်ထားကြောင်း သိရသည်။ အင်ဒိုနီးရှားသည် လတ်တလောတွင် ကမ္ဘာလုံးဆိုင်ရာကော်ဖီထုတ်လုပ်မှု၌ ဘရာဇီး၊ ဗီယက်နမ်နှင့် ကိုလံဘီယာတို့နောက်တွင်ရပ်တည်နေပြီး ကမ္ဘာ့ဒုတိယအကြီးမားဆုံးထုတ်လုပ်သူဖြစ်သည့် ဗီယက်နမ်သည် ကော်ဖီနှစ်စဉ်တန်ချိန် ၁ ဒသမ ၈ သန်းထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ Hasan က ကော်ဖီထုတ်လုပ်မှုအလားအလာကို အပြည့်အဝဖော်ဆောင်နိုင်ရန် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍကြား ပိုမိုအားကောင်းစွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။ ဗဟိုစာရင်းအင်းအေဂျင်စီ၏အဆိုအရ အင်ဒိုနီးရှားသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၉ ဘီလီယံ တန်ဖိုးရှိသော ကော်ဖီတန်ချိန် ၃၄၂,၂၂၀ တန်ပို့ခဲ့ပြီ အမေရိကန်ဒေါ်လာ ၃၁၉ ဒသမ ၈၄ သန်း တန်ကြေးရှိသော

ကော်ဖီတန်ချိန် ၆၇,၆၅၀ တန်တင်သွင်းခဲ့ကြောင်း သိရသည်။ ထိပ်တန်းတင်ပို့သည့်ဈေးကွက်များတွင် ဖိလစ်ပိုင်၊ အမေရိကန်နှင့် မလေးရှားတို့ပါဝင်ကြောင်း သိရသည်။ Source: https://www.doca.gov.mm

Source:https://myantrade.gov.mm/article/naypyitaw_21052025_122

## အိန္ဒိယနိုင်ငံတွင် ယခင်နှစ်ထက် သကြားထုတ်လုပ်မှု ၁၈ ရာခိုင်နှုန်းဆက်လက်နိမ့်ကျနေပြီး ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းထုတ်လုပ်မှုတန်ချိန် ၂၆ သန်းဖြစ်နိုင်

အိန္ဒိယနိုင်ငံတွင် ယခုနှစ်အတွက် ကြံကြိတ်လုပ်ငန်းများ မကြာမီပြီးဆုံးတော့မည်ဖြစ်ကြောင်းနှင့် ပြီးခဲ့သည့် ရက်သတ္တပတ် ၂ ပတ်အတွင်း သကြားစက်ရုံ ၁၈ ရုံပိတ်သိမ်းခဲ့ပြီးနောက် စက်တင်ဘာလ ၃၀ ရက်နေ့အထိ သကြားထုတ်လုပ်မှု ပမာဏသည်တန်ချိန် ၂၆ သန်းခန့်ရှိမည်ဟုခန့်မှန်းထားကြောင်း The Hindu Businessline သတင်းဌာနက မေလ ၁ ရက်နေ့တွင် ဖော်ပြသည်။

အိန္ဒိယအမျိုးသားသမဝါယမသကြားစက်များဆိုင်ရာအသင်းအချုပ် (NFCSF)မှ စုစည်းထားသော အချက်အလက်များအရ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဧပြီလ ၃၀ ရက်အထိ သကြားထုတ်လုပ်မှု ပမာဏသည် ယခင်နှစ်က တန်ချိန် ၃၁ ဒသမ ၄၇ သန်းမှ ၂၅ ဒသမ ၇ သန်းသို့ ၁၈ ဒသမ ၃၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

အဆိုပါနောက်ဆုံးရရှိသော အချက်အလက်များကို ထုတ်ပြန်ရာတွင် လက်ရှိထုတ်လုပ်မှုပမာဏသည် တန်ချိန် ၅ ဒသမ ၇၇ သန်းအထိ သိသိသာသာကျဆင်းနေကြောင်းဖော်ပြထားသည်ဟု အဆိုပါသမဝါယမ သကြားအဖွဲ့အစည်းက ပြောကြားခဲ့သည်။ ပြည်နယ်အားလုံးမှ ထုတ်လုပ်မှုများနှင့် ဒေသအလိုက်ပြန်လည် ရရှိမှုနှုန်းများကို ထည့်သွင်းစဉ်းစားပါက နိုင်ငံ၏ စုစုပေါင်းသကြားထုတ်လုပ်မှုပမာဏသည် ရာသီကုန်ချိန်တွင် တန်ချိန် ၂၆ ဒသမ ၁ သန်းရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

သကြားအများဆုံးထုတ်လုပ်သည့် Uttar Pradesh ပြည်နယ်တွင် ယခုရာသီ၌ စက်ရုံ ၁၂၂ ရုံက ကြံကြိတ်လုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး ၎င်းတို့အနက် ၁၁၁ ရုံမှာ လုပ်ငန်းများပြီးဆုံးခဲ့ကြောင်း သိရသည်။ တန်ချိန် ၉၄ ဒသမ ၈ သန်းရှိ ကြံများကို ကြိတ်ခွဲပြီးနောက် ပြည်နယ်သည် သကြားတန်ချိန် ၉ ဒသမ ၂၅ သန်း(ယခင်နှစ်က ၁၀ ဒသမ ၃၄ သန်း)ထုတ်လုပ်နိုင်ခဲ့ပြီး ပျမ်းမျှသကြားပြန်လည်ရရှိမှုနှုန်း ၉ ဒသမ ၇၅ ရာခိုင်နှုန်းရရှိခဲ့ကြောင်း သိရသည်။

Maharashtra ပြည်နယ်တွင် ယခုရာသီ၌ စက်ရုံ ၂၀၀ ရုံ ပါဝင်လုပ်ကိုင်ခဲ့ပြီး ၎င်းတို့အနက် ၁၉၉ ရုံမှာ ကြံကြိတ်လုပ်ငန်းများပြီးဆုံးခဲ့ကြောင်းသိရသည်။ စက်ရုံ ၁ ရုံသာလည်ပတ်လျက်ရှိပြီး မေလ ၈ ရက်နေ့တွင် ပြီးဆုံးမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။ အဆိုပါပြည်နယ်သည် တန်ချိန် ၈၅ ဒသမ ၂ သန်းရှိ ကြံများကို ပျမ်းမျှပြန်လည်ရရှိမှုနှုန်း ၉ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ကြိတ်ခွဲပြီး သကြားတန်ချိန် ၈ ဒသမ ၁ သန်း(ယခင်နှစ်က ၁၀ ဒသမ ၉၉ သန်း) ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

Karnataka ပြည်နယ်တွင် စက်ရုံ ၇၉ ရုံစလုံးမှာ လုပ်ငန်းများပြီးဆုံးခဲ့ပြီး တန်ချိန် ၅၀ ဒသမ ၂ သန်းရှိကြံများကို ပျမ်းမျှပြန်လည်ရရှိမှုနှုန်း ၈ ဒသမ ၀၅ ရာခိုင်နှုန်းဖြင့် ကြိတ်ခွဲခဲ့ကြောင်း NFCSF က ပြောကြားခဲ့သည်။ သကြားထုတ်လုပ်မှုပမာဏသည် တန်ချိန် ၄ ဒသမ ၀၄ သန်း(ယခင်နှစ်က ၅ ဒသမ ၁၄ သန်း)ရှိခဲ့ပြီး၊ မိုးရာသီတွင် စက်ရုံအချို့၌ ကြံကြိတ်လုပ်ငန်းများပြန်လည်စတင်ပါက နောက်ဆုံးထွက်ရှိမည့် ပမာဏသည် တန်ချိန် ၄ ဒသမ ၂ သန်းအထိ ရောက်ရှိမည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

Tamil Nadu တွင် စက်ရုံ ၃၀ ရုံအနက် ၂၃ ရုံမှာ တန်ချိန် ၅ ဒသမ ၇ သန်းရှိ ကြံများကို ပျမ်းမျှ ပြန်လည်ရရှိမှုနှုန်း ၈ ဒသမ ၃၅ ရာခိုင်နှုန်းဖြင့် ကြိတ်ခွဲပြီးစီးခဲ့ပြီး၊ သကြားတန်ချိန် ၀ ဒသမ ၄၈ သန်း(ယခင်နှစ်က ၀ ဒသမ ၈၆ သန်း) ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ အထူးရာသီပြီးဆုံးပါက အဆိုပါပမာဏသည် တန်ချိန် သုည ဒသမ ၇ သန်းအထိ တိုးတက်နိုင်ကြောင်း သိရသည်။

သကြားတန်ချိန် ၃ ဒသမ ၂ သန်းခန့်ကို အီသနောထုတ်လုပ်ရန်အတွက် လွှဲပြောင်းအသုံးပြုမည်ဖြစ်သဖြင့် သကြားလက်ကျန်ပမာဏသည် တန်ချိန် ၄ ဒသမ ၈ မှ ၅ သန်းအထိရှိမည်ဟု NFCSF က ပြောကြား ခဲ့သည်။

နိုဝင်ဘာလမှ အောက်တိုဘာလအထိဖြစ်သော ၂၀၂၄-၂၅ ဘဏ္ဍာနှစ် အီသနောထောက်ပံ့ရေးနှစ်အတွက် အီသနော ထုတ်လုပ်ရန်အတွက် သကြားတန်ချိန် ၅ သန်းနှင့်ညီမျှသောပမာဏကို ပြောင်းလဲထုတ်လုပ်ရန် သကြားထုတ်လုပ်မှုကဏ္ဍမှ အဆိုပြုခဲ့သည်။ ရေနံဈေးကွက်ရှာဖွေရေးကုမ္ပဏီများ(OMCs)က ယင်းအဆိုပြုချက်နှင့်ဆန့်ကျင်လျက် တန်ချိန် ၄ သန်းကို ခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။

ကြံချေးနှုန်းကို ၄ ရာခိုင်နှုန်းတိုးမြှင့်ရန် အိန္ဒိယအစိုးရအဖွဲ့၏ဆုံးဖြတ်ချက်ကို ကြို ဆိုလျက် NFCSF က အစိုးရအား အရေးကြီးသောပြဿနာနှစ်ရပ်ဖြစ်သည့် သကြား၏ ကြမ်းခင်းဈေး(MSP)ကို ပြန်လည်တိုးမြှင့် သတ်မှတ်ရန်နှင့် အထူးသဖြင့် ကြံရည်နှင့် B-heavy molasses တို့မှရရှိသော အီသနောအား အစိုးရမှ ဝယ်ယူမှုဈေးနှုန်းများကိုလည်း တိုးမြှင့်ပေးရန် တိုက်တွန်းခဲ့သည်။ တစ်နိုင်ငံလုံး၏ပျမ်းမျှစက်ရုံအရောက် သကြားဈေးနှုန်းသည် လက်ရှိတွင် တစ်ကွင်တယ်(၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၃,၈၈၀ နှင့် ရူပီး ၃,၉၃၀ ကြားတွင်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

Source: The Hindu Businessline, Sugar output continues to be 18% lower from year-ago, total output may be 26 mt in 2024-25, May 1, 2025., (ကောင်းထွဋ်အောင်၊စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21052025_13:51

## ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ၄ လအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရရှိ

ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှာ ၂၀၂၅ ခုနှစ် ပထမလေးလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော်ရှိကြောင်း ဗီယက်နမ်နိုင်ငံ အကောက်ခွန်ဦးစီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

ဧပြီလတစ်လတည်းတွင် ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာသန်း ၅၂၀ ကျော်ရှိပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အဓိကပို့ကုန်ထုတ်ကုန်များအနက် ဒူးရင်းတင်ပို့မှုတန်ဖိုးမှာ ၇၄ ရာခိုင်နှုန်း သိသိသာသာကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၁၃၀ ရှိကြောင်း သိရသည်။

သရက်သီးကဲ့သို့သော အခြားသစ်သီးဝလံအမျိုးအစားများ၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၈ ရာခိုင်နှုန်းတိုးမြှင့်လာခဲ့ကြောင်း၊ အုန်းသီးတင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၆၆ သန်းရှိပြီး ၁၈ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို အမေရိကန်ဒေါ်လာ ၇၇၇ သန်းကျော်ဖြင့် အများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်ပြီး ၄ လတာကာလအတွင်း စုစုပေါင်းတင်ပို့မှုတန်ဖိုး၏ ၄၆ ရာခိုင်နှုန်းနီးပါးရှိကြောင်း သိရသည်။ ၎င်းနောက်တွင် အမေရိကန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့က ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၄ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၁ သန်းအသီးသီးရှိကြောင်း ရေးသားဖော်ပြထားသည်။

Source: VN Economy , (ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_17052025_15:57

## ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာတင်ပို့မှုမှ ဝင်ငွေသည် ၄ လအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅ ဘီလီယံခန့်ရရှိ

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမ လေးလအတွင်း ပင်လယ်စာတင်ပို့မှုမှ ဝင်ငွေသည် အမေရိကန် ဒေါ်လာ ၃ ဒသမ ၄၅ ဘီလီယံအထိရှိမည်ဟုခန့်မှန်းထားပြီး ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၈ ရာခိုင်နှုန်းတိုးလာကြောင်း ဗီယက်နမ်ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း(VASEP)၏အဆိုအရ သိရသည်။ ဧပြီလတစ်လတည်းတွင် ပင်လယ်စာတင်ပို့မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် ၃၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံရှိကြောင်း ဖော်ပြထားသည်။

အဓိကထွက်ကုန်များအနက် ပုစွန်တင်ပို့မှုသည် ဧပြီလတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၃၅၀ ဖြင့် မြင့်မားခဲ့ပြီး လေးလတာကာလအတွင်း စုစုပေါင်းပုစွန်တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံနီးပါးရှိကာ တစ်နှစ်ထက်တစ်နှစ် ၃၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ပထမသုံးလတွင် ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၃၉ သန်းရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၃၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ပုစွန်တင်ပို့မှုတိုးတက်ခြင်းသည် အမေရိကန်၊ တရုတ်နှင့် ဂျပန်အပါအဝင် အဓိကဈေးကွက်များစွာ ပြန်လည်ဦးမော့လာခြင်းကြောင့်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ပုစွန်တင်ပို့မှုသည် ယခုနှစ်ဒုတိယသုံးလပတ်တွင် ဆက်လက်တိုးလာမည်ဟုခန့်မှန်းထားကြောင်း၊ တစ်နှစ်ပတ်လုံး ပုစွန်တင်ပို့မှုစုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄ ဘီလီယံရှိမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

Source: VN Economy, (ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_23052025_13:20

## နော်ဝေပင်လယ်စာတင်ပို့မှုသည်တရုတ်နှင့်အမေရိကန်နိုင်ငံတို့၏ ဝယ်လိုအားကြောင့် ဧပြီလတွင် စံချိန်တင်မြင့်မားလာခဲ့

နော်ဝေနိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် ကမ္ဘာ့ကုန်သွယ်ရေး မသေချာမရေရာမှုများနှင့် ဆယ်လ်မွန် ဈေးနှုန်းများ ကျဆင်းခြင်းတို့အပြင် တရုတ်နှင့် အမေရိကန်ကဲ့သို့ အဓိကဈေးကွက်များတွင် ဝယ်လိုအားကောင်းခြင်းကြောင့် ဧပြီလတွင် တင်ပို့မှုစံချိန်တင် မြင့်တက်ခဲ့ကြောင်း နော်ဝေ ပင်လယ်စာကောင်စီက မေလ ၆ ရက်နေ့ တွင် ပြောကြားခဲ့သည်။

ပင်လယ်စာတင်ပို့မှုသည် ဧပြီလတွင် စုစုပေါင်း နော်ဝေခရိုနာ ၁၄ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၃ ဘီလီယံ)ရှိပြီး ယမန်နှစ် အလားတူကာလကထက် ၂ ရာခိုင်နှုန်း တိုးလာကာ ဧပြီလအတွက် စံချိန်တင် အမြင့်ဆုံးပို့ကုန်တန်ဖိုး ဖြစ်သည်။

တရုတ်ဆယ်လ်မွန်ဈေးကွက်တွင်ခိုင်မာသောအခြေခံကြီးထွားမှုနှင့်နော်ဝေဆယ်လ်မွန်များ၏ပြိုင်ဆိုင်မှုဈေးနှုန်းကြောင့် ဟု Chramer မှသတ်မှတ်ခဲ့ပြီး ဧပြီလတွင် တရုတ်နိုင်ငံသို့တင်ပို့မှုမှာ တစ်နှစ်ထက် တစ်နှစ် ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ဥရောပမှ ဆော်လမွန်ဈေးကွက်သည် ယခုအခါ အာရှနှင့် အမေရိကန်တို့ကဲ့သို့ နိုင်ငံရပ်ခြားဈေးကွက်များသို့ ကူးပြောင်း သွားသည်ကို မြင်တွေ့ရကြောင်း Chramer မှ ပြောကြားပြီး ပိုမိုပူနွေးသော ပင်လယ်အပူချိန်နှင့် ဇီဝဗေဒဆိုင်ရာ စိန်ခေါ်မှုများ နည်းပါးလာခြင်းကြောင့် အရည်အသွေးသာလွန်သောဆယ်လ်မွန်များ ပမာဏမြင့်မားလာကာဈေးနှုန်းများကျဆင်းသွားကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် စတုတ္ထလဆက်တိုက် တန်ဖိုးတိုးတက်မှုကို ဆက်လက်ဦးဆောင်ခဲ့သည်။ အမေရိကန်သို့ တင်ပို့မှုသည် ဧပြီလတွင် နော်ဝေခရိုနာ ၁ ဒသမ ၄ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၃ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။ ဧပြီလသည် အမေရိကန်အခွန်တိုးမြှင့် ကောက်ခံခြင်းနှင့်ပတ်သက်၍ ဆူညံသံများနှင့် မသေချာမရေရာမှုများစွာဖြင့် လက္ခဏာရပ်ပြခဲ့သည်"ဟု Chramer က မှတ်ချက်ပြုခဲ့သည်။

နော်ဝေပင်လယ်စာတင်ပို့မှုအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ကောက်ချက်ချရန် စောလွန်းသေး ကြောင်း၊ ဇန်နဝါရီလမှ ဧပြီလအထိ နော်ဝေနိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် နော်ဝေခရိုနာ ၅၈ ဒသမ ၅ ဘီလီယံအထိ ရောက် ရှိခဲ့ပြီး ၂၀၂၄ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း Chramer က ဆက်လက် ပြောကြားခဲ့သည်။ Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_15052025_303

## ကုန်သွယ်မှုဟန်ချက်ညီစေရန် အမေရိကန်မှ လေယာဉ်များ၊ သဘာဝဓာတ်ငွေ့ရည် (LNG)များ ပိုမိုဝယ်ယူရန် ဗီယက်နမ်ဝန်ကြီးချုပ်က တိုက်တွန်း

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ ကျင်းပခဲ့သည့်အစည်းအဝေးတွင် ဗီယက်နမ်နိုင်ငံအနေဖြင့် ကုန်သွယ်မှုမျှတစေရန် အတွက် သဘာဝဓာတ်ငွေ့ရည်များ၊ လေယာဉ်များနှင့် ဆေးဝါးများအပါအဝင် အမေရိကန်ထုတ်ကုန်များကို ပိုမိုဝယ်ယူရန် လိုအပ်ကြောင်း ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် Pham Minh Chinh က ပြောကြားခဲ့သည်။

အဆိုပါ အစိုးရအစည်းအဝေးတွင် အမေရိကန်နိုင်ငံ၏ အပြန်အလှန်စည်းကြပ်ခွန်များနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုညှိနှိုင်းမှုများသည် ကောင်းမွန်လျက်ရှိသော်လည်း အဆင်ပြေချောမွေ့စွာ ဆက်လက်ရှိနေစေရန် အတွက် အမေရိကန်ထုတ်ကုန်များကို တင်သွင်းရန်လိုအပ်ကြောင်း ဝန်ကြီးချုပ် Chinh မှ ပြောကြားခဲ့သည်။

ဗီယက်နမ်အပါအဝင် ၎င်း၏မိတ်ဖက်များအပေါ် အပြန်အလှန်စည်းကြပ်ခွန်များကို ထရန့်အစိုးရက ရက်ပေါင်း ၉၀ ဆိုင်းငံ့ထားကြောင်း၊ လက်ရှိယာယီနှုန်းထားသည် ၁၀ ရာခိုင်နှုန်းဖြစ်ပြီး ဗီယက်နမ်နိုင်ငံမှအဖွဲ့ တစ်ဖွဲ့သည် အမေရိကန်နိုင်ငံသို့ ကြာသပတေးနေ့တွင် သွားရောက်ရန်မျှော်လင့်ထားပြီး နှစ်နိုင်ငံညှိနှိုင်းမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် Chinh မှ နှစ်နိုင်ငံ ဟန်ချက်ညီညီနှင့် သွင်းကုန်ခွန်နှုန်းအနိမ့်များရရှိအောင် ညှိနှိုင်းရန် ကြိုးပမ်းခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ၎င်းအား ဈေးကွက်စီးပွားရေးအဖြစ် အသိအမှတ်ပြုရန်နှင့် မြင့်မားသော နည်းပညာများတင်ပို့မှုအပေါ် ကန့်သတ်ချက်များကို ရုပ်သိမ်းရန်အတွက် အမေရိကန်ကို တောင်းဆိုရန်လည်း စီစဉ်ထားကြောင်း သိရသည်။

စေ့စပ်ညှိနှိုင်းမှုများသည် ဗီယက်နမ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ အမျိုးသားလုံခြုံရေးနှင့် ၎င်းပြည်သူများ၏ အကျိုး စီးပွားကိုကာကွယ်ရန်နှင့် နိုင်ငံတကာကတိကဝတ်များကို ဖြည့်ဆည်းပေးနိုင်ကြောင်း ဝန်ကြီးချုပ် Chinh မှ ပြောကြားခဲ့သည်။

Source: VN Express International ,(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_23052025_13:41

## ဗီယက်နမ်နိုင်ငံ Binh Dinh ပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၅၂ သန်းတန် အဝတ်အထည်စက်ရုံ တည်ဆောက်မည့်ဒိန်းမတ်လုပ်ငန်း

ဗီယက်နမ်နိုင်ငံ Binh Dinh ပြည်နယ်စီးပွားရေးဇုန်အာဏာပိုင်အဖွဲ့သည် ဒိန်းမတ်အခြေစိုက် MASCOT INTERNATIONAL A/S ၏ အမေရိကန်ဒေါ်လာ ၅၂ သန်းတန်ကြေးရှိသော အရည်အသွေးမြင့်အဝတ်အထည် ထုတ်လုပ်သည့် စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုအသိအမှတ်ပြု လက်မှတ်ချပေးခဲ့ကြောင်း သိရသည်။ ထိုစီမံကိန်း သည် Binh Dinh စက်မှုဇုန် တွင်တည်ရှိမည်ဖြစ်ပြီး အကျယ်အဝန်း ၁၀၀,၀၀၀ စတုရန်းမီတာကျယ်ဝန်းမည်ဟု သိရသည်။

၎င်းတွင် အဝတ်အထည်ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ သိုလှောင်ရုံနှင့် ကုန်ကြမ်းပစ္စည်းများအတွက် အရည်အသွေးထိန်းချုပ်သည့်စင်တာတို့ပါဝင်ကြောင်း သိရသည်။ အပြည့်အဝလည်ပတ်နိုင်ပါက စက်ရုံသည်နှစ်စဉ်ထုတ်ကုန် ၅ သန်းထုတ်လုပ်နိုင်ပြီး ခန့်မှန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၃ သန်းရရှိရန် မျှော်မှန်းရကြောင်း သိရသည်။ စက်ရုံဆောက်လုပ်မှုကို ၂၀၂၅ ခုနှစ် ဩဂုတ်လတွင်စတင်ပြီး ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် အပြည့်အဝလည်ပတ်နိုင်ရန် မျှော်မှန်းရကြောင်း သိရသည်။ ယခုနှစ်မှစ၍ Binh Dinh ပြည်နယ်သည် စုစုပေါင်းမတည်ငွေ ဗီယက်နမ်ဒေါင် ၁၂ ဒသမ ၂ ထရီလီယံတန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းသစ် ၃၁ ခုရရှိခဲ့ကြောင်း သိရသည်။ ၎င်းတွင် အသစ်လိုင်စင်ရရှိသည့် ဒိန်းမတ်လုပ်ငန်း မပါဝင်ပါက အမေရိကန်ဒေါ်လာ ၂၃ သန်းတန်ကြေးရှိသော ပြည်တွင်းစီမံကိန်း ၂၇ ခုနှင့် ပြည်ပစီမံကိန်း ၄ ခု ပါဝင်ကြောင်း သိရသည်။ Source: Vietnam Plus, Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_23052025_1111

## မွန်ဂိုလီယားနိုင်ငံ၏ Cashmere တင်ပို့မှုမှာ ၂၀၂၅ ခုနှစ်သုံးလတာအတွင်း ၅၅ ရာခိုင်နှုန်းကျဆင်းခဲ့

မွန်ဂိုလီးယားနိုင်ငံသည် ယခုနှစ် ပထမသုံးလပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်းတန်ဖိုးရှိ Cashmere (cashmere ဆိုသည်မှာ ဆိတ်တစ်မျိုး၏ အလွန်နူးညံ့သောအမွေးတစ်မျိုးဖြစ်သည်) ၇၂ ဒသမ ၃ တန် တင်ပို့ခဲ့ကြောင်း မွန်ဂိုလီးယားအကောက်ခွန်အထွေထွေအုပ်ချုပ်ရေးရုံးမှ ဧပြီလ ၁၉ ရက် နေ့ကထုတ်ပြန်သော တရားဝင်အချက်အလက်များ အရသိရသည်။ ထိုတင်ပို့မှုသည် ၂၀၂၄ ခုနှစ်၏ ပထမသုံးလပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ၅၅ ရာခိုင်နှုန်းခန့်ကျဆင်းသွားကြောင်း အချက်အလက်များအရသိရသည်။

သမ္မတ Ukhnaa Khurelsukh မှ အစပြု၍ မွန်ဂိုလီးယားအစိုးရမှ အကောင်အထည်ဖော်သည့် “White Gold” ဟု ခေါ်သော နိုင်ငံတော်ကမ်ပိန်းလှုပ်ရှားမှုအောက်တွင် စုစုပေါင်း တုရစ်ခ် ၁၉၈ ဘီလီယံ (အမေရိကန် ဒေါ်လာ ၅၇ ဒသမ ၅ သန်း) အား နိုင်ငံအတွင်း Cashmere ရိတ်သိမ်းသည့်စက်ရုံများ၏ စွမ်းဆောင်ရည်ကို မြင့်တင်ရန်အတွက် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားခြင်းဖြစ်သည်။ ရလဒ်အနေဖြင့် ၂၀၂၈ ခုနှစ်တွင် ပြည်တွင်းဈေးကွက်၌ Cashmere အဓိကထုတ်လုပ်မှုအား ၁၀၀ ရာခိုင်နှုန်း မြင့်တင်နိုင်ရန် မျှော်လင့်ထားကြသည်။ မွန်ဂိုလီးယားနိုင်ငံ စားနပ်ရိက္ခာစိုက်ပျိုးရေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဝန်ကြီးဌာန၏အဆိုအရ နိုင်ငံ၏ Cashmere တင်ပို့မှုမှ ဝင်ငွေသည် အမေရိကန်ဒေါ်လာသန်း ၇၀၀ ရှိမည်ဟု ခန့်မှန်းထားကြသည်။ လက်ရှိ မွန်ဂိုလီးယားနိုင်ငံတွင် Cashmere တန်ချိန် ၁၁၉,၀၀၀ အားလုပ်ဆောင်နိုင်သော လုပ်ငန်း ၅၀ ခန့်ရှိကြောင်း သိရသည်။ Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_23052025_1116

## တရုတ်နိုင်ငံ၊ ယူနန်ပြည်တွင် ပန်းတင်ပို့မှု စံချိန်တင်တိုးတက်ခဲ့

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ပန်းစိုက်ပျိုးထုတ်လုပ်သည့် အဓိကဒေသဖြစ်သည့် ယူနန်ပြည်နယ် သည် ယခုနှစ် ပထမလေးလတွင် လတ်ဆတ်သောဖြတ်ပန်းများ (fresh-cut flowers) တင်ပို့မှု၌ စံချိန်တင်တိုးတက်ခဲ့ကြောင်း ကူမင်း အကောက်ခွန်ဌာန၏ အချက်အလက်များအရ သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ယူနန်ပြည်နယ်၏ လတ်ဆတ်သောဖြတ်ပန်းများတင်ပို့မှု တန်ဖိုး စုစုပေါင်း ယွမ်သန်း ၃၆၀(အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၀၄ သန်းခန့်)ရှိခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် ၅၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ယခုအခါ ယူနန်ပြည်နယ်သည် လတ်ဆတ်သော ဖြတ်ပန်းထုတ်လုပ်မှုတွင် တစ်နိုင်ငံဈေးကွက်ဝေစု၏ ၇၀ ရာခိုင်နှုန်း ကျော်ကို ရရှိထားသည်။ ကမ္ဘာ့ဒုတိယအကြီးဆုံး လတ်ဆတ်သောပန်းရောင်းဝယ်ရေးဗဟိုနှင့် အာရှ၏အကြီးဆုံးပန်းဈေးရှိသည့် ပြည်နယ်မြို့တော်ကူမင်းမြို့ရှိ Dounan ပန်းဈေးသည် ထိုင်းနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ရုရှား၊ ဩစတြေးလျနှင့် အာရှ အလယ်ပိုင်းနိုင်ငံများအပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၅၀ ကျော်သို့ တင်ပို့မှုများ ဆက်လက်တိုးတက်လျက်ရှိသည်။

မကြာသေးမီက ရုရှားလုပ်ငန်းရှင် Saveleva Ekaterina သည် ကူမင်းမြို့ရှိ ပန်းစိုက်ပျိုးရေးခြံတစ်ခုမှ တာဝန်ရှိသူ Zhou Tianyi နှင့် နှင်းဆီပန်း (carnations) ၂၄၀,၀၀၀ ၏အမှာစာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၎င်းအနေဖြင့် အနာဂတ်

ပူးပေါင်းဆောင်ရွက်မှုများအတွက် ပန်းမျိုးစိတ် ၁၀၀ ကျော်ကိုလည်း လေ့လာနိုင်ခဲ့သည်။ ရုရှားဈေးကွက်သည် ယူနန်ပန်းများကို ခေတ်မီအရည်အသွေးနှင့် အမျိုးစားစုံလင်မှုတို့ကြောင့် နှစ်သက်ကြကြောင်း ၎င်းက ပြောကြားခဲ့သည်။

Zhou ၏ပြောကြားချက်ရ ၎င်းပန်းစိုက်ပျိုးရေးခြံမှ ကာဇက်စတန်နိုင်ငံသို့ အပတ်စဉ်လတ်ဆတ်သော ဖြတ်ပန်း ၆၀,၀၀၀ ကိုပို့ဆောင်ပေးလျက်ရှိပြီး ရုရှားနိုင်ငံနှင့်အတူ ကာဇက်စတန်နိုင်ငံသည်လည်း ယမန်နှစ်မှစ၍ တရုတ်၏ လတ်ဆတ်သောပန်းဝယ်လိုအားတွင် တည်ငြိမ်စွာတိုးတက်လာသည်ကို တွေ့ရသည်။

ယူနန်ပြည်နယ်၏ ပန်းတင်ပို့မှုကို လွယ်ကူချောမွေ့စေရန်အတွက် ကူမင်းအကောက်ခွန်ဌာနသည် ၎င်း၏ ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ ဆိပ်ကမ်းများတွင် အကောက်ခွန်ရှင်းလင်းရေးကို ပိုမိုလွယ်ကူချောမွေ့စေရေးမြှင့်တင်ပေးခဲ့ပြီး လုပ်ငန်းများအတွက် အကောက်ခွန်ဆိုင်ရာ ကုန်ကျစရိတ်များ လျှော့ချပေးခဲ့သည်။

အရင်းအမြစ်။ https://en.people.cn/n3/2025/0517/c90000-20316179.html, (လျှန်ရှုန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21052025_12:41

## အိန္ဒိယသည် ဝန်ဆောင်မှုတင်ပို့မှုတွင် ၁၃ ရာခိုင်နှုန်းကျော် မြင့်တက်လာသောကြောင့် ၂၀၂၅ ဘဏ္ဍာနှစ်၌ စုစုပေါင်းပို့ကုန်သည် ကန်ဒေါ်လာ ၈၂၅ ဘီလီယံအထိ စံချိန်တင်မြင့်တက်

ကမ္ဘာ့ကုန်သွယ်မှုမှာ မသေချာ၊ မရေရာမှုများရှိနေသော်လည်း အိန္ဒိယ၏ ဝန်ဆောင်မှုများတင်ပို့မှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၈၆ ဒသမ ၅ ဘီလီယံအထိ စံချိန်တင်ရောက်ရှိခဲ့သဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုတင်ပို့မှု စုစုပေါင်းပမာဏမှာ ကန်ဒေါ်လာ ၈၂၅ ဘီလီယံအထိရှိခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။ အိန္ဒိယဗဟိုဘဏ် (RBI)မှ မတ်လအတွက် ဝန်ဆောင်မှုတင်ပို့မှုအချက်အလက်များ ထုတ်ပြန်ပြီးနောက် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွက် နိုင်ငံ၏ စုစုပေါင်း တင်ပို့နိုင်မှုပမာဏအား အစောပိုင်းက ကန်ဒေါ်လာ ၈၂၄ ဒသမ ၉၃ ဘီလီယံ သတ်မှတ်ထားရာမှ ကန်ဒေါ်လာ ၈၂၄ ဒသမ ၉ ဘီလီယံဟုပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းတင်ပို့မှုပမာဏမှာ ကန်ဒေါ်လာ ၇၇၈ ဒသမ ၈၃ ဘီလီယံသာရှိခဲ့ကြောင်း သိရသည်။

စာရင်းအင်းအချက်အလက်များအရ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ဝန်ဆောင်မှုကဏ္ဍတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃၈၇ ဒသမ ၅ ဘီလီယံအထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တင်ပို့မှု ကန်ဒေါ်လာ ၃၄၁ ဒသမ ၁ ဘီလီယံထက် ၁၃ ဒသမ ၆ ရာခိုင်နှုန်းကျော်တိုးတက်ခဲ့ကြောင်းသိရသည်။

ယခုနှစ် မတ်လတွင် ဝန်ဆောင်မှုကဏ္ဍ တင်ပို့ရောင်းချမှုမှ ကန်ဒေါ်လာ ၃၅ ဒသမ ၆ ဘီလီယံရရှိခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လတွင် တင်ပို့နိုင်မှု ကန်ဒေါ်လာ ၃၀ ဘီလီယံနှင့်နှိုင်းယှဉ်ပါက ၁၈ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ပို့ကုန်တိုးတက်မှုအတွက် ပံ့ပိုးပေးသည့်အဓိကကဏ္ဍများမှာ ဆက်သွယ်ရေး၊ ကွန်ပျူတာ၊ သတင်းအချက်အလက် ဝန်ဆောင်မှုများ၊ သယ်ယူပို့ဆောင်ရေးခရီးသွားလာရေးနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများပါဝင်ကြောင်း သိရသည်။

ဝန်ကြီးဌာန၏ ထုတ်ပြန်ထားသည့်အချက်အလက်များအပေါ် အိန္ဒိယပို့ကုန်အဖွဲ့အစည်းများ အဖွဲ့ချုပ် (FIEO) မှ SC Ralhan က ယင်းသည် ပို့ကုန်လုပ်ငန်းရှင်များ၏ ကြံ့ကြံ့ခံနိုင်ရည်အား ပြသခြင်းဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

သို့ရာတွင် ယနေ့အထိ ကုန်ပစ္စည်းအမှာစာဝင်ရောက်မှုမှာ အမေရိကန်နှင့် ဥရောပမှမဟုတ်ကြောင်း၊ အမေရိကန် တင်သွင်းသူများသည် ကုန်သွယ်မှုသဘောတူညီချက်ကို စောင့်ဆိုင်းနေကြသဖြင့် ယင်းသည် မိမိတို့၏ ပို့ကုန်များကို ထိခိုက်စေနိုင်သည်ဟု ထပ်လောင်းပြောကြားခဲ့ပြီး အစိုးရသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် အတိုးနှုန်းလျှော့ချပေးသည့် ကူညီထောက်ပံ့မှုအစီအစဉ်ကို ချက်ချင်းထုတ်ပြန်သင့်သည်ဟု ၎င်းကပြောကြားခဲ့ သည်။

နိုင်ငံတွင်းအတိုးနှုန်းမြင့်မားလျက်ရှိသည့်အတွက် ကမ္ဘာ့ဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက် အနည်းဆုံး အတိုးနှုန်း ၅ ရာခိုင်နှုန်းလျှော့ချပေးရန်လိုအပ်သည်ဟု Ralhan မှ ပြောကြားခဲ့သည်။

Source: India’s total exports jump to record $825 bn in FY25 as services shipments rise over 13%, The Economic Times, 01 May, 2025. , (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21052025_14:02

## ယူအေအီးနိုင်ငံနှင့် ခရိုအေးရှားနိုင်ငံတို့မှ နှစ်နိုင်ငံစီးပွားဆက်ဆံရေးခိုင်မာစေမည့် နည်းလမ်းများကို ရှာဖွေခဲ့

ယူအေအီးနိုင်ငံမှ စီးပွားရေးဝန်ကြီးဖြစ်သူ Abdulla bin Touq Al Marri သည် ဥရောပသို့ တရားဝင်ခရီးစဉ်သွားရောက်စဉ်အတွင်း ခရိုအေးရှားနိုင်ငံမှ စီးပွားရေးနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Ante Šušnjar နှင့် နှစ်နိုင်ငံ အဓိကစီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

စီးပွားရေးဝန်ကြီး Bin Touq ၏ ပိုမိုကျယ်ပြန့်သော ဥရောပခရီးစဉ်အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကျင်းပခဲ့သည့် အစည်းအဝေးတွင် စီးပွားရေးလုပ်ငန်းအသစ်၊ ခရီးသွားလုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အဆင့်မြင့်နည်းပညာများ

ကဲ့သို့သောနယ်ပယ်များတွင် ပိုမိုနက်ရှိုင်းသောဆက်ဆံရေးကို အာရုံစိုက်ခဲ့ကြသည်။ နှစ်ဖက်စလုံးမှ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍထိတွေ့ဆက်ဆံမှုကိုအားပေးသည့် စီးပွားရေးနှင့် သဟဇာတရှိသောပတ်ဝန်းကျင်ကို မွေးမြူတည်ဆောက်နိုင်ရေး ကတိကဝတ်များကို အလေးပေးပြောကြားခဲ့ကြသည်။

Bin Touq မှ ၎င်း၏ နိုင်ငံတကာမိတ်ဖက်များကွဲပြားစေရန်အတွက် ယူအေအီးနိုင်ငံ၏ ဆက်လက် ကြိုးပမ်းအားထုတ်မှုများကို မီးမောင်းထိုးဖော်ပြခဲ့ပြီး ခရိုအေးရှားသည် ထွန်းသစ်စဥရောပစီးပွားရေးအနေဖြင့် ထောက်ပံ့ပို့ဆောင်ရေး၊ တီထွင်ဖန်တီးမှုလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများအပါအဝင် ကဏ္ဍများတွင် မဟာဗျူဟာမြောက်အခွင့်အလမ်းများကို ပေးဆောင်ထားကြောင်း သတိပြုမိကြောင်းနှင့် နှစ်နိုင်ငံစလုံးအတွက် ကျွမ်းကျင်မှုဖလှယ်ရန်နှင့် ခရီးသွားကဏ္ဍတွင် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာတည်ရှိမှုကိုမြှင့်တင်မည့် အလားအလာများကိုကိုးကား၍ ခရီးသွားလုပ်ငန်းကို အထူးအလားအလာကောင်းသော ကဏ္ဍတစ်ခုအဖြစ် အလေးပေး ပြောကြားခဲ့သည်။

နှစ်ဘက်ဝန်ကြီးများမှ စည်းမျဉ်း/စည်းကမ်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပေါ် အားကောင်းလာစေရန်နှင့် တိုးတက်ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးတွင် ဆန်းသစ်တီထွင်မှုများကို ပံ့ပိုးကူညီရန် နည်းလမ်းများကိုလည်း ရှာဖွေခဲ့ကြသည်။ ဆွေးနွေးမှုများတွင် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများတွင် အကောင်းဆုံး အလေ့အကျင့်များကိုဖလှယ်ရန်နှင့် ယူအေအီးနိုင်ငံနှင့် ခရိုအေးရှားစီးပွားရေးအသိုင်းအဝိုင်းများအကြား ပိုမိုနီးကပ်သော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန်အတွက် အစီအစဉ်များလည်းပါဝင်သည်။ Bin Touq သည် ရင်းနှီးမြှုပ်နှံမှုအလားအလာများကို တက်ကြွစွာစူးစမ်းလေ့လာရန်နှင့် ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံများ၏ အပြန်အလှန်ပန်းတိုင်များနှင့် ကိုက်ညီမှုရှိသော ဆက်သွယ်ရေးလမ်းကြောင်းများကိုဖန်တီးရန် ပုဂ္ဂလိက ကဏ္ဍလုပ်ငန်းရှင်များအား အားပေးတိုက်တွန်းခဲ့သည်။

၎င်းအစည်းအဝေးတွင် စိတ်တူကိုယ်တူရှိသော လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းလုပ်ဆောင်သည့် မူဘောင်များမှ တစ်ဆင့် ၎င်းတို့၏ ကမ္ဘာ့စီးပွားရေးခြေရာကိုချဲ့ထွင်သွားမည့် ယူအေအီးနိုင်ငံ၏ ကတိကဝတ်အပေါ် ထပ်မံအတည်ပြုခဲ့သည်။ နှစ်နိုင်ငံစလုံးသည် ဆန်းသစ်တီထွင်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့အတွက် အချက်အချာကျသည့်နေရာအဖြစ် ရပ်တည်ရန် ရည်မှန်းထားသောကြောင့် မကြာမီကာလအတွင်း ပိုမိုခိုင်မာသောစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဆက်ဆံရေးများအတွက် အခြေခံအုတ်မြစ်ချသည့်ဆွေးနွေးပွဲအဖြစ် မျှော်လင့်ထားကြောင်း သတင်းဖော်ပြထားသည်။

Source: Emirates News Agency , (နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21052025_14:48

## နန်နင်းမြို့တွင် တရုတ်-ကမ္ဘောဒီးယား ရော်ဘာထုတ်လုပ်ရေး အခြေစိုက်လုပ်ငန်းတည်ထောင်

တရုတ်နိုင်ငံတောင်ပိုင်း Guangxi Zhuang ပြည်နယ်၏ မြို့တော်ဖြစ်သည့် နန်နင်းမြို့တွင် တရုတ်-ကမ္ဘောဒီးယား ရော်ဘာထုတ်လုပ်ရေးအခြေစိုက်လုပ်ငန်းကို မေလ ၈ ရက်နေ့၌ တရားဝင် မိတ်ဆက်တည်ထောင်ခဲ့ကြောင်း သိရသည်။ အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုကို မြှင့်တင်ရန်အတွက် အဆိုပါလုပ်ငန်း အသစ်ကို ရေးဆွဲဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နန်နင်းမြို့၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးအချက်အချာဇုန်ရှိ မြေဧရိယာ ၇,၅၀၀ စတုရန်းမီတာတွင် တည်ထောင်ထားသည့် အဆိုပါရော်ဘာ ထုတ်လုပ်ရေးလုပ်ငန်း၌ နှစ်စဉ် တန်ချိန် ၂၄,၀၀၀ ထုတ်လုပ်နိုင်သည့် ရော်ဘာစက်ရုံ၊ ဓာတ်ခွဲစမ်းသပ်ခန်းနှင့် သိုလှောင်ရုံတို့ပါဝင်ပြီး၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံသူများလာရောက်ရင်းနှီးမြှုပ်နှံကြကြောင်း၊ ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်အဖွဲ့က နည်းပညာအကူအညီပေးခြင်းနှင့် စက်ရုံစီမံခန့်ခွဲမှုတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရော်ဘာစက်ရုံသည် ၂၀၂၆ ခုနှစ်မှစ၍ နှစ်စဉ် ယွမ်ငွေ ၁ ဒသမ ၀၈ ဘီလီယံ တန်ဖိုးရှိသောထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်မျှော်မှန်းထားပြီး အခွန် ယွမ် ၅၄ သန်း ကောက်ခံရနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ နန်နင်း ဒုတိယမြို့တော်ဝန် Zhong Hong က အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့စေရေးအတွက် ယင်းစီမံကိန်းကို စတင်ဆောင်ရွက်သည့်အချိန်မှ ပြီးစီးသည်အထိ ရက်ပေါင်း ၇၉ ရက်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အာဆီယံဈေးကွက်များနှင့် ကုန်သွယ်ရာတွင် အဆိုပါအခြေစိုက်လုပ်ငန်းသည် ရော်ဘာကုန်ထုတ်လုပ်မှုဗဟိုအချက်အချာ နေရာတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အာဆီယံအနေဖြင့် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိရာ ယခုနှစ် ပထမ လေးလပတ်တွင် တရုတ်ယွမ် ၁ ဒသမ ၇၁ ထရီလီယံ ကုန်သွယ်မှုရှိခဲ့ပြီး ယခင်နှစ် ကာလတူ၌ ရရှိခဲ့သော တိုးတက်မှု ၇ ဒသမ ၁ ရာခိုင်နှုန်းကို ကျော်လွန်လျက် ၁၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့ကြောင်း သိရသည်။

Source : Khmer Times, 10 May 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_19052025_220

## အမေရိကန်ပြည်ထောင်စုမှသတ်မှတ်လိုက်သည့် အကောက်ခွန်နှုန်းထားများကြောင့် ၂၀၂၅ ခုနှစ်၊ မေလအစောပိုင်း ကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ပို့ကုန်တင်ပို့မှု ၂၄ ရာခိုင်နှုန်းကျဆင်းခဲ့

အမေရိကန်ပြည်ထောင်စုမှ သတ်မှတ်လိုက်သည့်အကောက်ခွန်နှုန်းထားများကြောင့် ၂၀၂၅ ခုနှစ်၊ မေလပထမ ၁၀ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၏ပို့ကုန်တင်ပို့မှု ၂၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ၂၀၂၅ ခုနှစ် မေလ ၁၂ ရက်နေ့တွင် အကောက်ခွန်ဝန်ဆောင်မှုဌာနမှ ထုတ်ပြန်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ မေလပထမ ၁၀ ရက်တွင် ပို့ကုန်တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈ ဘီလီယံ သာရရှိခဲ့ရာ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၂၃ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ အမေရိကန်ပြည်ထောင်စုမှ သတ်မှတ်လိုက်သည့်အကောက်ခွန်နှုန်းထားများအပြင် မေလပထမ ၁၀ ရက်အတွင်း ပြည်တွင်း ရုံးပိတ်ရက်များခဲ့သည့် အကြောင်းရင်းသည်လည်း ပို့ကုန်လျော့နည်းရခြင်း အကြောင်းရင်းဖြစ်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ မေလပထမ ၁၀ ရက်အတွင်း ရုံးဖွင့်ရက် ၆ ဒသမ ၅ ရက်ရှိခဲ့သော်လည်း ယခုနှစ်အလားတူကာလတွင် စုစုပေါင်းရုံးဖွင့်ရက် ၅ ရက်သာရှိခဲ့သည်။ သို့ဖြစ်၍ ပျမ်းမျှအားဖြင့် နေ့စဉ်တင်ပို့မှု ၁ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

အဆိုပါကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏အဓိကပို့ကုန်ဈေးကွက်ကြီး ၂ ခုဖြစ်သည့် တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုသည် ၂၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၃၀ ဒသမ ၄ ရာခိုင်နှုန်းစီအသီးသီးကျဆင်းခဲ့သည်။ ဗီယက်နမ်နိုင်ငံသို့ တင်ပို့မှုသည်လည်း ၁၄ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့သည့်အပြင် ဥရောပနိုင်ငံများသို့ တင်ပို့မှုသည်လည်း ၃၈ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ သို့သော် ထိုင်ဝမ်(တရုတ်-တိုင်ပေ) သို့ တင်ပို့မှု ၁၄ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

ကုန်စည်အလိုက်တင်ပို့မှုအနေဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများမှလွဲ၍ ကျန်ကုန်စည်များတင်ပို့မှု ကျဆင်းခဲ့သည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်းများတင်ပို့မှုသည် ယခင်နှစ်အလားတူကာလကထက် ၁၄ ရာခိုင်နှုန်းမြင့်မားခဲ့သည်။ မကြာသေးခင်က ပြဋ္ဌာန်းလိုက်သည့် အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်နှုန်းထားသစ်များသည် တစ်ပိုင်းလျှပ်ကူးပစ္စည်းများတင်ပို့မှုအပေါ် သက်ရောက်မှုမရှိသေးသော်လည်း ကားနှင့်ကားအပိုပစ္စည်းများ တင်ပို့မှုအပေါ် သက်ရောက်မှုရှိခဲ့ပြီး တင်ပို့မှုတွင် ၂၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၄၂ ဒသမ ၆ ရာခိုင်နှုန်းစီ အသီးသီး ကျဆင်းခဲ့သည်။ ရေနံထွက်ပစ္စည်းများနှင့် သံမဏိများ တင်ပို့မှုသည်လည်း ၃၆ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၄၁ ဒသမ ၂ ရာခိုင်နှုန်းစီအသီးသီးကျဆင်းခဲ့သည်။ အိမ်သုံးပစ္စည်းများတင်ပို့မှုမှာ သိသိသာသာကျဆင်းခဲ့ပြီး စုစုပေါင်း ၄၇ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

တင်ပို့မှုသာမက တင်သွင်းမှုလည်း ကျဆင်းခဲ့သည်။ အမေရိကန်ပြည်ထောင်စုအပါအဝင် တရုတ်နိုင်ငံ၊ ဥရောပနိုင်ငံများနှင့် ထိုင်ဝမ်(တရုတ်-တိုင်ပေ)တို့မှ တင်သွင်းမှုကျဆင်းခဲ့သည်။ သို့သော် ဗီယက်နမ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ကုန်စည်များ တင်သွင်းမှုမြင့်မားခဲ့သည်။ တင်သွင်းမှုသည် စုစုပေါင်းတင်ပို့မှုထက် ပိုမိုနေသဖြင့် ၂၀၂၅ ခုနှစ် မေလပထမ ၁၀ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ၂၇ ဘီလီယံ ကုန်သွယ်မှုလိုငွေပြခဲ့သည်။

သို့ဖြစ်၍ စီးပွားရေးပညာရှင်များက “အဆိုးဆုံးအချိန်ကို ရင်ဆိုင်ရန်ရှိနေသေးကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်နှုန်းထားသစ်များ၏ သက်ရောက်မှုများကို ရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လမှစတင်၍ အမေရိကန်ပြည်ထောင်စုသည် ကားများ၊ သံမဏိနှင့် အလူမီနီယံများတင်သွင်းမှုအပေါ် ၂၅ ရာခိုင်နှုန်းစည်းကြပ်ကောက်ခံခဲ့ပြီး အခြားသောသွင်းကုန်များအားလုံးအပေါ် ၁၀ ရာခိုင်နှုန်းစည်းကြပ်ကောက်ခံ နေပြီဖြစ်ကြောင်း၊ အပြန်အလှန်စည်းကြပ်ခွန်အဖြစ် ၂၅ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံမည့်အစီအစဉ်ကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့အထိ ဆိုင်းငံ့ထားသော်လည်း တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့် ဇီဝဆေးပစ္စည်းများအပေါ် စည်းကြပ်ခွန်များကောက်ခံရေးကြေညာမည့် လက္ခဏာပြနေကြောင်း၊ သို့ဖြစ်၍ ပို့ကုန်ကျဆင်းမည့်အလားအလာသည် ယခုမှစတင်၍ မြင်တွေ့နေရပြီဖြစ်ကြောင်း” Hyundai Research Institute မှ ဧပြီလအတွင်းထုတ်ပြန်သော စီးပွားရေးအလားအလာအစီရင်ခံစာတွင် သုံးသပ်ဝေဖန်ဖော်ပြထားသည်။ ထို့ပြင် ၂၀၂၅ ခုနှစ်တွင် နိုင်ငံ၏ပို့ကုန်တင်ပို့မှုပမာဏသည် စီးပွားရေးတိုးတက်မှုအတွက် မောင်းနှင်အားအဖြစ် အထောက်အပံ့ဖြစ်နိုင်ဖွယ်မရှိကြောင်း၊ ၂၀၂၄ ခုနှစ်က ပို့ကုန်တိုးတက်မှု ၈ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့သော်လည်း ၂၀၂၅ ခုနှစ်တွင် ပို့ကုန်တင်ပို့မှုတိုးတက်နှုန်းသည် ၄ ရာခိုင်နှုန်းကျဆင်းနိုင်မည်ခန့်မှန်းကြောင်း၊ စီးပွားရေးတိုးတက်နှုန်းသည်လည်း သုည ဒသမ ၇ ရာခိုင်နှုန်းသာတိုးတက်မည်ခန့်မှန်းကြောင်း၊ ယခုခန့်မှန်းချက်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ အတွင်းက ခန့်မှန်းထားသည့် ၁ ဒသမ ၇ ရာခိုင်နှုန်းထက် လျော့ချခန့်မှန်းထားခြင်းဖြစ်ကြောင်း Hyundai Research Institute အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ကိုရီးယားဘဏ္ဍာရေးတက္ကသိုလ်(The Korea Institute of Finance)ကလည်း နိုင်ငံ၏ စီးပွားရေး တိုးတက်နှုန်းသည် သုည ဒသမ ၈ ရာခိုင်နှုန်းသာတိုးတက်မည်ခန့်မှန်းထားပြီး ပို့ကုန်တင်ပို့မှုနှင့် သွင်းကုန် တင်သွင်းမှုသည်လည်း သုည ဒသမ ၃ ရာခိုင်နှုန်းသာတိုးတက်နိုင်သည်ဟု မေလအစောပိုင်းတွင် ထုတ်ပြန် ထားသည်။

Source: Korea Herald

(https://www.koreaherald.com/article/10485287#:~:text=South%20Korea's%20exports%20plunged%20nearly,on%20the%20trade%2Ddependent%20economy.),(ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_16052025_12:42

## ၂၀၂၅ ခုနှစ်၏ ပထမ ၄ လပတ်ကာလတွင် ဆန်စပါးနှင့် သစ်ကြံပိုးခေါက် တင်ပို့မှုမှ ဝင်ငွေရရှိမှု အားကောင်းခဲ့သည့် ဗီယက်နမ်

၂၀၂၅ ခုနှစ်၏ ပထမ ၄ လတာကာလတွင် ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးတင်ပို့မှုသည် ပမာဏတွင် ကျဆင်းခဲ့သော်လည်း စျေးနှုန်းများမြင့်တက်ခြင်း၏ကျေးဇူးကြောင့် ဝင်ငွေရရှိမှုတွင် မြင့်တက်ခဲ့ကြောင်း သိရသည်။ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးမသေချာမရေရာမှုများကြောင့် ဗီယက်နမ်နိုင်ငံပို့ကုန်လုပ်ငန်းရှင်များသည် အစဉ်အလာစျေးကွက်များကို မှီခိုနေရမှုကို လျှော့ချရန်အတွက် စျေးကွက်များကွဲပြားရေးကို တက်ကြွစွာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံဆန်စပါးနှင့် ဟင်းခတ်အမွှေးအကြိုင်အသင်း (VPSA) ထံမှ အချက်အလက်များအရ ၂၀၂၅ ခုနှစ်၏ ပထမ ၄ လတာကာလတွင် ဗီယက်နမ်နိုင်ငံသည် ဆန်စပါး တန်ချိန် ၇၄,၂၅၀ တန်တင်ပို့ရာမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၅၁၀ ဒသမ ၆ သန်းရရှိခဲ့ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ် တူညီသည့်ကာလနှင့် နှိုင်းယှဉ် ပါက တင်ပို့သည့်ပမာဏတွင် ၁၀ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း ဝင်ငွေရရှိမှုတွင် ၄၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ နိုင်ငံ၏ ထိပ်တန်းဆန်စပါးတင်ပို့ရာစျေးကွက်များတွင် အမေရိကန်ပါဝင်ပြီး တန်ချိန် ၁၆,၆၈၂ တန်ဖြင့် စုစုပေါင်းတင်ပို့မှု၏ ၂၂ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကာ ၂၆ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ထိပ်တန်းစျေးကွက်များတွင် အမေရိကန်၊ တရုတ်နှင့် ဂျာမနီတို့ပါဝင်ကြောင်း သိရသည်။ တစ်ချိန်တည်း မှာပင် ဗီယက်နမ်နိုင်ငံသည် ပြုပြင်ထုတ်လုပ်တင်ပို့ရန်အတွက် အမေရိကန် ဒေါ်လာ ၈၈ ဒသမ ၃ သန်း တန်ဖိုးရှိသော ဆန်စပါး တန်ချိန် ၁၅,၃၇၄ တန်ကိုတင်သွင်းခဲ့ပြီး ပမာဏတွင် ၂၅ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ တန်ဖိုးတွင် ၁၀၄ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ ဆန်စပါးအပြင် ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်၏ ပထမ ၄ လတာကာလတွင် သစ်ကြံပိုးခေါက်တန်ချိန် ၃၁,၉၇၆ တန်တင်ပို့ရာမှ ဝင်ငွေ အမေရိကန် ဒေါ်လာ ၈၄ ဒသမ ၉ သန်းရရှိခဲ့ကာ ပမာဏတွင် ၄၃ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာတန်ဖိုးတွင် ၃၀ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းသိရသည်။ ထိပ်တန်းသစ်ကြံပိုးခေါက် တင်ပို့ရာစျေးကွက်များတွင် အိန္ဒိယ၊ အမေရိကန်နှင့် ဘင်္ဂလားဒေ့ရှ်တို့ပါဝင်ကြောင်း သိရသည်။

Reference: Vietnam Plus ,Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_15052025_1008

## ကမ္ဘောဒီးယားသီဟိုဠ်စေ့နှင့် သရက်သီးခြောက်များ မလေးရှားသို့ ပထမဆုံးတင်ပို့

ကမ္ဘောဒီးယားနိုင်ငံစီးပွားကူးသန်းဝန်ကြီးဌာန(MoC)၏ အတွင်းရေးမှူးဖြစ်သူ Tor Pilar သည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများကိုဦးဆောင်၍ သီဟိုဠ်စေ့နှင့် သရက်သီးခြောက်များ မလေးရှားသို့ပထမဆုံးတင်ပို့မှုကို Olair Dry Port Worldwide Logistics ၌ မေလ ၈ ရက်နေ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုတင်ပို့မှုသည် ကမ္ဘောဒီးယား၏ Ample Agro Product Co., Ltd နှင့် Kirirom Food Production Co., Ltd တို့က မလေးရှားနိုင်ငံ၏ TrackIn Tech Solutions SND BHD နှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့က နားလည်မှုသဘောတူစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ခြင်းကြောင့် လွယ်ကူချောမွေ့ခဲ့ကြောင်း သိရသည်။ တင်ပို့မှုမှာအဆင့် ၄ ဆင့်ရှိပြီး ပထမဆုံးအနေဖြင့် သီဟိုဠ်စေ့သေတ္တာ ၂၀၀ နှင့် သရက်သီးခြောက်သေတ္တာ ၂၁၀ ကို မလေးရှားသို့ တင်ပို့မည်ဖြစ်ပြီး ထိုမှတစ်ဆင့် စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ဘရူနိုင်းတို့ကို ဆက်လက်ဖြန့်ဖြူးသွားမည်ဟု သိရသည်။Reference; Khmer Times, Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_15052025_1011

## ဗီယက်နမ်ငှက်သိုက်ကုန်ကြမ်းများ တရုတ်စျေးကွက်သို့ဝင်ရောက်ရန်အခွင့်အလမ်းရှိ

ဧပြီလက ဗီယက်နမ်စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန(MoAE)နှင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေး(GACC)တို့ကြားတင်သွင်းမည့်ထုတ်ကုန်အတွက် ကွာရန်တင်း၊ စစ်ဆေးခြင်းနှင့်တိရစ္ဆာန်ကျန်းမာရေးနှင့်သန့်ရှင်းရေး လိုအပ်ချက်များအပေါ် ညှိနှိုင်းဆွေးနွေးရန် သဘောတူညီချက်ရရှိခဲ့ပြီးနောက် ဗီယက်နမ် ငှက်သိုက်ကုန်ကြမ်းများသည် တရုတ်စျေးကွက်သို့ သီးသန့်ထုတ်ကုန်အနေဖြင့် ဝင်ရောက်ရန် အခွင့်အလမ်းများကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။ ဟနွိုင်းမြို့တွင် မေလ ၈ ရက်နေ့က ကျင်းပခဲ့ သည့် ကွန်ဖရန့်တွင် ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ သွင်းကုန်စစ်ဆေးမှုအောက်တွင်ပါဝင်သည့် ထုတ်ကုန်များတွင် ငှက်သိုက်ကုန်ကြမ်းနှင့် သန့်စင်သောငှက်သိုက်တို့ပါဝင်ကြောင်း သိရသည်။

အခမ်းအနားတွင် မွေးမြူရေး ထုတ်ကုန်ထုတ်လုပ်ခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး Duong Tat Thang က ၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (ယခု ဗီယက်နမ် စိုက်ပျိုးမွေးမြူရေးနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန)နှင့် GACC တို့သည် ဗီယက်နမ်ငှက်သိုက်နှင့် ငှက်သိုက် ထုတ်ကုန်များ တရုတ်ဈေးကွက်သို့ဝင်ရောက်ရန်အတွက် သဘောတူစာချုပ်မချုပ်မီ ညှိနှိုင်းချက်မှတ်တမ်းကို လက်မှတ်ရေးထိုး ခဲ့ကြကြောင်း သိရသည်။ လွန်ခဲ့သည့်လေးနှစ်ကျော်အတွင်း ဗီယက်နမ်လုပ်ငန်း ၁၃ ခုသည် ငှက်သိုက်ထုတ်ကုန်များ တင်ပို့ရန် ခွင့်ပြုချက်ရရှိခဲ့ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၄ သန်း ကျော်တန်ဖိုးရှိသော ငှက်သိုက်ထုတ်ကုန် ၄ တန်ကျော်ကို တရုတ်သို့တရားဝင်တင်ပို့ခဲ့ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်သည် ငှက်သိုက် တန်ချိန် ၂၇၀ ထုတ်လုပ်ခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် တစ်နှစ်လျှင် တန်ချိန် ၃၅၀ မှ ၄၀၀ ကြားထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

Reference; Vietnam Plus ,Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_15052025_1010

# ပြည်တွင်းကုန်သွယ်မှုသတင်း

## မြစ်သားမြို့နယ်ရှိမြက်ဖျာရက်လုပ်သူများယခင်နှစ်ထက်ဈေးကောင်းရ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြသည့်အပြင် တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်အိမ်တွင်းမှုလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိသည်။ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်းတစ်ခုဖြစ်သော မြက်ဖျာ ရက်ခြင်းလုပ်ငန်းကို မြစ်သားမြို့နယ်ရှိ ကြောင်ပန်းကုန်းကျေးရွာတွင် ရက်လုပ်ရောင်းချလျက်ရှိသည်။

မြက်ဖျာရက်လုပ်ခြင်းလုပ်ငန်းတွင် ကုန်ကြမ်းဖြစ်သော ဒေသခေါ် မြက်စလုံးမြက်ကို အသုံးပြုရကြောင်း၊ မြက်စလုံး မြက်သည် အင်းနှင့်မြစ်ချောင်းအစပ်များတွင် အများဆုံးပေါက်ရောက်သော အပင်တစ်မျိုးဖြစ်ကြောင်း၊ မြတ်စလုံးပင်သည် အလေ့ကျပေါက်ရောက်သော အပင်တစ်မျိုးဖြစ်ပြီး ငွေကြေးဖြင့်ဝယ်ယူရန်မလိုအပ်ဘဲ မိမိတို့အလိုရှိသလောက် နုတ်ယူ၍ ရသောကြောင့် အရင်းနှီးမလိုအပ်ကြောင်း၊ မြတ်ဖျာရက်လုပ်ရန်အတွက် မြတ်စလုံးအပင်ကိုနုတ်၍ အပင်မှပါလာသော ပန်းပွင့် များကိုဖယ်၍ မြတ်ပင်မှအခွံများကိုသင်ပြီး အခြောက်ခံထားရကြောင်း၊ အခြောက်ခံပြီးနီးများကို ဆေးအနီ၊ အဝါ၊ အစိမ်းများ ထည့်၍ရေနွေးတွင် ၁၅ မိနစ် ခန့်ပြုတ်ထားရကြောင်း၊ ပြုတ်ပြီးသားနီးများကို လက်ကြိတ်စက်ဖြင့် ပြားအောင်ကြိတ်ရကြောင်း၊ ရလာသောနီးများကို ဖျာရက်ရန်အတွက် လိုသလိုရက်လုပ်ကြကြောင်း၊ နှစ်ယောက်အိပ် ဖျာတစ်ချပ်လျှင် နီးပင် ၂၄၀ ပင် ရက်လုပ်ရကြောင်း၊ လေးယောက်အိပ်တစ်ချပ်လျှင် ၄၈၀ ပင်ရက်လုပ်ရကြောင်း၊ မြက်ဖျာဈေးနှုန်းအနေဖြင့် နှစ်ယောက်အိပ် တစ်ချပ်လျှင် ယခင်နှစ်ဈေး ၁၁,၀၀၀ ကျပ်၊ ယခုနှစ်ဈေး ၁၅,၀၀၀ ကျပ်အထိ ရောင်းချရပြီး လေးယောက်အိပ် တစ်ချပ်လျှင် ယခင်နှစ် ၁၅,၀၀၀ ကျပ်၊ ယခုနှစ်ဈေး ၂၀,၀၀၀ ကျပ်ဈေးအထိရောင်းချရကြောင်း၊ လူတစ်ဦးတစ်နေ့ ရက်လုပ်မှုအနေဖြင့် နှစ်ယောက်အိပ်ဖျာ ၂ ချပ်သာပြီးစီးကြောင်း၊ လေးယောက်အိပ်ဖျာ ၁ ချပ် သာပြီးစီးကြောင်း၊ တစ်ရွာလုံးနီးပါးရက်လုပ်ကြ ကြောင်း၊ ဈေးကွက်အနေဖြင့်ငွေကြေးတတ်နိုင်သော ဖျာပွဲစားများက ရွာထဲရှိမြက်ဖျာရက်လုပ်သူများထံမှ တစ်ချပ် ၁,၀၀၀– ၁,၅၀၀ ခွာ၍ ဝယ်ယူပြီး ရွှာင်၊ ရေဦးမြို့များသို့ အများဆုံး တင်ပို့ရောင်းချကြောင်း၊ မြက်ဖျာ၏ အားသာချက်မှာ နွေမှာအေး၍ ဆောင်းမှာနွေးကြောင်း ၊ ကျန်းမာရေးနှင့် ညီညွတ်သော မြက်ဖျာများကို ဝယ်ယူသုံးစွဲသင့်ကြောင်း ရေးသားတင်ပြအပ်သည်။

Source: https://doca.gov.mm/my/node/37127

## ပင်လယ်ပြင်ငါးဖမ်းရာသီ ပိတ်သိမ်းပြီဖြစ်၍ ငါးဖမ်းစက်လှေများ ရန်ကုန်မြို့ဆိပ်ကမ်းများသို့ အသီးသီးဝင်ရောက်

မြန်မာ့ပင်လယ်ပြင်တွင် ငါးသားပေါက်ရာသီသို့ ဝင်ရောက်လာပြီဖြစ်ရာ မေလတစ်ရက်နေ့မှစတင်ပြီး ပင်လယ်ပြင် ငါးဖမ်းရာသီ ပိတ်သိမ်းပြီဖြစ်၍ ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသို့ ပင်လယ်ပြင်မှ ငါးဖမ်းစက်လှေနှင့် ငါးသယ်ရေယာဉ်များ အသီးသီးပြန်လည်ရောက်လာကာ ပင်လယ်ပြင် ငါး၊ ပုစွန် ဖမ်းဆီးမှု နှစ်လတာ ရပ်နားပြီဖြစ်ကြောင်း ကြည့်မြင်တိုင်မြို့နယ်၊ စံပြ ငါးဈေးဆိပ်ကမ်းမှ သိရသည်။

ပင်လယ်ပြင်တွင် ရေငန်ထွက်ကုန်များကို ၁၂ ရာသီဖမ်းဆီးမှုဖြင့် ရေသယံဇာတထိခိုက်မှုကြောင့် မေ ၁ ရက်မှ ဇူလိုင်လ ကုန်အထိ သုံးလရပ်နားခဲ့ရာမှ ပြည်တွင်းဈေးကွက်၌ ရေငန်ထွက်ကုန်စားသုံးမှု ပြတ်လပ်မှုမရှိစေရန် မေလနှင့် ဇွန်လအား ပင်လယ်ပြင်ငါးမဖမ်းရရာသီအဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

“မေ ၁ ရက်ကစ ငါးဖမ်းရာသီပိတ်ပြီဆိုတော့ ဒီနေ့ပင်လယ်ပြင်မှာရှိတဲ့ ငါးဖမ်းစက်လှေအားလုံး ရန်ကုန်ဆိပ်ကမ်းကို ပြန်ဝင်တဲ့အတွက် ဆိပ်ကမ်းမှာစည်ကားနေတာပါ။ ဆိပ်ကမ်းပြန်မဝင်မီ ဖမ်းမိသမျှ ငါး၊ ပုစွန် မျိုးစုံကို ဆိပ်ကမ်းမှာ နှစ်ရက်တာ

ရောင်းချပြီးရင် စက်လှေတွေအားလုံးနားပါပြီ။ ဇူလိုင်လဆိုရင် ပင်လယ်ပြင်ကို စက်လှေတွေပြန်ထွက်ပါပြီ။ ဒီနေ့ရာသီပိတ်ချိန် ပြန်ဝင်လာချိန်မှာ ရေထွက်ပစ္စည်းအမည် ၂၀ ကျော် တင်ဆောင်ခဲ့တယ်။ ဒီနှစ်စက်လှေပိုင်ရှင်၊ စက်လှေလုပ်သား၊ ငါးဒိုင်နဲ့ လက်ကားပြန်ရောင်းတဲ့ ဈေးသည်တွေအားလုံးအဆင်ပြေကြပါတယ်”ဟု စံပြငါးဈေးအမ်အမ်ဒီကုမ္ပဏီမှ စက်လှေလုပ်ငန်းရှင် တစ်ဦးက ပြောသည်။

ရန်ကုန်ဆိပ်ကမ်းသို့ဝင်ရောက်လာသည့် ငါးဖမ်းစက်လှေများနှင့် ငါးသယ်ရေယာဉ်တို့တွင် ရေငန်ထွက်ကုန်များဖြစ်သည့် ငါးသင်ဝါ၊ ငါးခွေးလျှာ၊ ရွှေငါး၊ ကင်းမွန်၊ ပြည်ကြီးငါး၊ ငါးတန်လွယ်၊ ငါးမြွေထိုး၊ ငါးစင်းလုံး၊ ငါးစင်းပြား၊ သင်ဖြူ၊ သင်ဝါ၊ ငါးခေါင်းပွ၊ ငါးရောင်၊ တိုက်ဂါး ပုစွန်အပါအဝင် ရေထွက်ကုန်အမည် ၂၀ ကျော်ကို ငါးစည်ပိုင်းများတွင်ထည့်၍ တင်ဆောင်လာခဲ့ပြီး လက်ကားဒိုင်များမှ ပြန်လည်ဝယ်ယူ၍ အအေးခန်းစက်ရုံများသို့ ပို့ဆောင်ပြီး နှစ်လတာအတွင်း ရေငန်ထွက်ကုန်များပြတ်လပ်မှုမရှိစေရန် ပြန်လည်ရောင်းချလေ့ရှိသည်။

ရေငန်ထွက်ကုန်များကို ငါးဖမ်းရာသီပိတ်သိမ်းချိန် နှစ်လတာအတွင်း ရောင်းချနိုင်မှုမရှိပါက ရေချိုငါး၊ ပုစွန်ဈေးနှုန်း မြင့်တက်မှုကို စားသုံးသူများရင်ဆိုင်ရလေ့ရှိရာ ရန်ကုန်ဈေးကွက်တွင် စားသုံးမှုများလာသည့် ရေငန်ထွက်ကုန်များ ရာသီမပြတ် စားသုံးနိုင်စေရန် ရန်ကုန်မြို့ အအေးခန်းစက်ရုံများတွင် သိုလှောင်၍ ပြန်လည် ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည်။

“မနှစ်က လုပ်ငန်းရှင်အားလုံးနီးပါးရှုံးပေမဲ့ ဒီနှစ်ရေထွက်ကုန်ရောင်းဝယ်မှုအဆင်ပြေကြတယ်။ ဒီနှစ်မှာ အရောင်းအဝယ်ကောင်းသလို စားသုံးသူလည်းသင့်တင့်တဲ့ဈေးနဲ့ ဝယ်ယူနိုင်တဲ့အတွက် ထုတ်လုပ်သူနဲ့စားသုံးသူ အဆင်ပြေတဲ့နှစ်လို့ ဆိုရမှာပါ။ ပင်လယ်ပြင်က ငါးမပြတ်ဝင်ပြီး ဈေးကွက်ထဲကို အရောက်ပို့နိုင်တဲ့အတွက် ငါးဈေးနှုန်းကွာဟချက်မရှိပါဘူး။ ငါးဖမ်းရာသီ နှစ်လပိတ်ချိန်မှာ မျက်ကျယ်၊ ငါးမဲလုံး၊ မီးလုံး၊ ငါးရောင်၊ လက်ဝါ၊ ပီသာ၊ ရွှေငါးနဲ့ ပလာတူး ငါးကုန်တန်ချိန် တစ်သိန်း အေးခဲပြီး ပြန်လည်ရောင်းချဖို့ကုန်စုနေတယ်။ ကုန်ပိုပြီးသိုလှောင်ချင်ပေမဲ့ အအေးခန်းဝန်ဆောင်မှု စရိတ်မြင့်တက်လာတာကြောင့် ကုန်ချိန်တစ်သိန်းပဲစုနိုင်ပါတယ်”ဟု ကြည့်မြင်တိုင်စံပြငါးဈေးမှ ရေငန်ထွက်ကုန်လုပ်ငန်းရှင်က ပြောသည်။

မြန်မာ့ရေထွက်ကုန်များကို ရခိုင်ဝတီတိုင်းဒေသကြီး ပင်လယ်ပြင်နှင့် တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ပြင်တို့တွင် ဖမ်းဆီးခြင်းဖြစ်၍ ငါးဈေးကွက်များသို့ အဆက်မပြတ်ဝင်ရောက်ခဲ့ပြီး ပြည်ပပို့ကုန်ရေထွက် ပစ္စည်းများကိုလည်း အအေးခန်း စက်ရုံများမှတစ်ဆင့် တင်ပို့နိုင်ခဲ့ရာ လုပ်ငန်းရှင်များအဆင်ပြေကြကြောင်း၊ ယနေ့ ဆိပ်ကမ်းများသို့ ဝင်ရောက်လာကြသည့် ရေထွက်ကုန်များအား နှစ်ရက်တာရောင်းချပြီးပါက အအေးခန်းစက်ရုံများတွင် သိုလှောင်ထားသည့် ရေထွက်ကုန်များအား ရေငန်ထွက်ကုန်ဈေးကွက်တွင် နှစ်လအတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ Source: မြန်မာ့အလင်းသတင်းစာ

## ပြည်ပကုန်သွယ်မှုသတင်း

### မြန်မာ့ပင်လယ်ပြင်မှရရှိသည့် တိုက်ဂါးပုစွန်နှင့် မြိတ်ကျွန်းစုတွင် မွေးမြူထုတ်လုပ်သော ပနားမီးပုစွန်ဖြူ တို့ ဈေးကောင်းရရှိနေပြီး ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိ

မြန်မာ့ရေလယ်ဇာတထွက်ကုန်များကို ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပပို့ကုန်မှ နိုင်ငံခြားငွေရရှိရန် ထုတ်လုပ်တင်ပို့လျက်ရှိရာ ပင်လယ်ပြင်မှဖမ်းဆီးရမိသော ရေငန်တိုက်ဂါးပုစွန်များ ပြည်ပပို့ကုန်အဖြစ် ဈေးကောင်းရနေကြောင်း ကြည့်မြင်တိုင်စံပြငါးဈေး MNG ကုမ္ပဏီမှ သိရသည်။

“ပင်လယ်ပြင်ကရတဲ့ပုစွန်ထဲမှာ တိုက်ဂါးပုစွန်ဟာ ပြည်ပဈေးကွက်မှာ ဈေးကောင်းရရှိတဲ့ ရေထွက်ကုန်ဆိုလည်း မမှားပါဘူး။ ပြည်တွင်းမှာတော့မရောင်းဘူး။ စက်လှေက ချရင် ဒိုင်တွေက ကီလိုဈေးနဲ့ဝယ်ပြီး ပြည်ပကိုပို့ဖို့ ပိဿာပြန်ဖွဲ့ပြီး တော့ တစ်ပိဿာကို ကျပ်နှစ်သိန်းနီးပါးဈေးနဲ့ တင်ပို့တယ်။ ငါးဖမ်းရာသီပိတ်သိမ်းချိန် နောက်ဆုံးနေ့မှာ ငါး/ ပုစွန် အဝင်များခဲ့တဲ့အတွက် ပြည်ပနိုင်ငံအချို့က မှာကြားတဲ့ပုံစံအတိုင်း တင်ပို့နေတယ်။ စက်လှေတစ်စင်းကို တိုက်ဂါးပုစွန် ပုံးတစ်ရာကျော်ပါလာပြီး အချိန်တစ်သောင်းခွဲနီးပါး သယ်ဆောင်လာတဲ့အတွက် အအေးခန်းစက်ရုံကိုပို့ပြီး ငါးဖမ်းရာသီနှစ်လတာ ပိတ်ထားချိန်မှာ ရေငန်ထွက်ကုန်တွေ ပြည်ပတင်ပို့နေတာရှိတယ်။ ဈေးကောင်းရတဲ့ တိုက်ဂါးပုစွန်ကိုတော့ ပြည်ပကိုတင်ပို့သွားဖို့ရှိတယ်” ဟု ကြည့်မြင်တိုင်စံပြငါးဈေးမှ ရေငန်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာ့ပင်လယ်ပြင်မှရရှိသည့် တိုက်ဂါးပုစွန်နှင့် မြိတ်ကျွန်းစုတွင် မွေးမြူထုတ်လုပ်သော ပနားမီးပုစွန်ဖြူတို့ကို ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး ပင်လယ်ပြင်မှဖမ်းဆီးရမိသည့် အနီရောင်တိုက်ဂါးပုစွန်ကို ပြည်ပလေးနိုင်ငံသို့ တင်ပို့လျက်ရှိ၍ မြိတ်ကျွန်းစုတွင် မွေးမြူသည့် ပနားမီးပုစွန်ဖြူအား တရုတ်နှင့် ဂျပန်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသည်။

"မြန်မာနိုင်ငံကထွက်ရှိတဲ့ တိုက်ဂါးပုစွန်နဲ့ ပနားမီးပုစွန်ဖြူကို ပြည်ပဈေးကွက်မှာ တင်ပို့နိုင်တဲ့အတွက် နိုင်ငံခြားဝင်ငွေရတယ်။ ရေခံမြေခံကောင်းတဲ့ မြန်မာနိုင်ငံမှာ ရေရှည်ထုတ်ယူသုံးစွဲမယ်ဆိုရင် ကောင်းမွန်တဲ့မွေးမြူရေးကျင့်စဉ်တွေ လုပ်ဆောင်သွားဖို့လိုတယ်။ ဘာကြောင့်လည်းဆိုတော့ တစ်ချိန်မှာ ဖမ်းဆီးမှုထက် မွေးမြူထုတ်လုပ်မှုဟာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်မှာအရေးပါလာလို့ပါ။ တစ်ချိန်တုန်းက တိုက်ဂါးပုစွန်ကိုမျိုးထိန်းပြီး မျိုးကိုရောင်းချနိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့တာရှိခဲ့တယ်။ မြန်မာနိုင်ငံဟာ ရေခံမြေခံကောင်းတဲ့အတွက် သဘာဝနဲ့လိုက်လျောညီထွေပြီး မျိုးစိတ်ကိုထိန်းသိမ်းနိုင်တဲ့ မွေးမြူထုတ်လုပ်မှုကို ဆောင်ရွက်သွားမယ်ဆိုရင် မြန်မာ့ရေထွက်ကုန် ပို့ကုန်ကဏ္ဍဟာ နှစ်ဆထုတ်လုပ်တင်ပို့နိုင်မှာပါ"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

မေလ ပထမပတ်တွင် ငါးဖမ်းစက်လှေများ ရန်ကုန်မြို့ရှိ စံပြငါးဈေး၊ ရွှေပိတောက်ငါးဈေးနှင့် အခြားသောဆိပ်ကမ်းများသို့ ရေငန်ပုစွန်နှင့် ပင်လယ်ငါးမျိုးစုံဝင်ရောက်ခဲ့ပြီး ရန်ကုန်မြို့ရှိ အအေးခန်းစက်ရုံများသို့တင်ပို့ခဲ့ရာ အေးခဲပြီးနောက် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယားသို့ အဓိကတင်ပို့လျက်ရှိသည်။ ငါးဖမ်းရာသီ မေလနှင့်ဇွန်လ နှစ်လတာပိတ်ထားချိန်၌ အအေးခန်းစက်ရုံများတွင် သိုလှောင်ထားရှိ၍ ပြည်ပနိုင်ငံများက မှာကြားမှုအလိုက်တင်ပို့လေ့ရှိပြီး ငါးဖမ်းရာသီပိတ်သိမ်းချိန်ကာလ၌ ရေငန်ပုစွန်ပို့ကုန်မှ ဈေးကောင်းရလေ့ရှိသည်။

ရေထွက်ကုန်များပြည်ပသို့တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပုစွန် ၉,၁၄၆ ဒသမ ၆၁၅ မက်ထရစ်တန်တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။ မြန်မာ့ပင်လယ်ပြင်မှ ဖမ်းဆီးရမိသည့် ပုစွန်ဖြူ၊ ပန်းရောင်ပုစွန်၊ ရွှေလီပုစွန်နှင့် တိုက်ဂါးပုစွန်တို့တွင် အရသာကောင်းမွန်သောအနီရောင်တိုက်ဂါးပုစွန်ကို ပြည်ပနိုင်ငံများက ပိုမိုနှစ်ခြိုက်မှုကြောင့် ဈေးကောင်းရရှိသော ရေထွက်ကုန်တစ်ခုအဖြစ် နေရာရလျက်ရှိ ကြောင်းသိရသည်။ Source: မြန်မာ့အလင်းသတင်းစာ

## ငှက်ပျောထုတ်ကုန်များ ပြည်ပထိုးဖောက်ရန် ရည်ရွယ်

ငှက်ပျောပင်စည်ကနေ ထုတ်ယူရရှိတဲ့ ချည်တွေနဲ့ အဝတ်အထည်တွေအပြင် အခြားထုတ်ကုန်တွေကို ပြည်တွင်းသာမက ပြည်ပနိုင်ငံတွေအထိကို ရောင်းချနိုင်ဖို့ရည်ရွယ်ထားသလို နိုင်ငံတော်အကြီးအကဲကလည်း အားပေးပြီး လိုအပ်တာတွေကို ပံ့ပေးသွားမှာဖြစ်တယ်လို့ Green Banana Myanmar မှ ဈေးကွက်မြှင့်တင်ရေးနှင့် အရောင်းတာဝန်ခံ ဒေါ်သီတာဇော်မင်းက ပြောတယ်။

လက်ရှိမှာ ငှက်ပျောပင်စည်ကနေ ထုတ်ယူရရှိတဲ့ချည်တွေကို ပြည်တွင်းမှာပဲ ကုန်ကြမ်းကနေ ကုန်ချောအဆင့်အထိ အဆင့်ဆင့်ထုတ်လုပ်နေတာကြောင့် ဒီလုပ်ငန်းဟာ နိုင်ငံတော်အတွက် အကျိုးရှိနိုင်သလို တစ်ဦးချင်းအတွက် ဝင်ငွေရလမ်းကော အလုပ်အကိုင်အခွင့်အလမ်းတွေပါ ရရှိစေမှာဖြစ်တယ်လို့ဆိုတယ်။ လက်ရှိမှာ ငှက်ပျောပင်စည်ကနေ ချည်ထုတ်လုပ်နိုင်ပြီး ပြည်သူတွေအလုပ်အကိုင်အခွင့်အလမ်းနဲ့ဝင်ငွေတွေ ရရှိလာနိုင်အောင် တိုင်းနဲ့ပြည်နယ်အတော်များများမှာ သင်တန်းပေးတာ၊ နည်းပညာတွေပေးတာနဲ့ ကုန်ကြမ်းတွေကို ပြန်လည်ဝယ်ယူပေးတာတွေကိုလည်း တစ်ဖက်တစ်လမ်းက လုပ်ဆောင်ပေးနေတယ်လို့ သိရတယ်။

ငှက်ပျောပင်ကနေ ငှက်ပျောသီးဆွတ်ခူးဖို့၊ မုန့်ဟင်းခါးချက်ဖို့ အစရှိတာတွေကိုသာ အများအားဖြင့် လုပ်ဆောင်လေ့ရှိကြပြီး ကျန်တာတွေက အလေအလွင့်ဖြစ်သွားနိုင်တာကြောင့် ကျန်ရှိတဲ့ပင်စည်ကနေ ချည်ထည်တွေအပြင် တန်ဖိုးမြင့်ထုတ်ကုန်တွေထုတ်ပြီး အလုပ်အကိုင်အခွင့်အလမ်းနဲ့ဝင်ငွေရလမ်းတွေကို ဖော်ဆောင်ပေးနိုင်တာကိုလည်း အသိပညာပေးတာတွေ လုပ်ဆောင်နေတယ်လို့ သိရတယ်။ လက်ရှိမှာ ငှက်ပျောပင်စည်ကနေ ထုတ်ယူရရှိတဲ့ချည်တွေ၊ အဝတ်အထည်တွေနဲ့ အခြားထုတ်ကုန်တွေကို ပြည်တွင်းဈေးကွက်သာမက ပြည်ပနိုင်ငံတွေအထိ ထိုးဖောက်နိုင်ဖို့ လုပ်ဆောင်နေသလို နိုင်ငံတကာပြပွဲတွေမှာလည်း သွားရောက်ပြသနေတယ်လို့ သိရတယ်။

Source: https://onenewstvchannel.com/business/market/

## ရုရှားဈေးကွက်သို့ စိန်တလုံးသရက်သီးများတင်ပို့ရန် ပြည်တွင်းကုမ္ပဏီများက အရည်အသွေးကောင်း သရက်သီးရရှိရေး ပြင်ဆင်နေ

မြန်မာ့စိန်တလုံး သရက်သီးများကို ရုရှားဈေးကွက်သို့တင်ပို့မည့် ပြည်တွင်းကုမ္ပဏီများက သရက်ခြံများသို့ ကွင်းဆင်းကာ အရည်အသွေးကောင်းသရက်သီးများဝယ်ယူရရှိရေးအတွက် ပြင်ဆင်နေကြကြောင်း မြန်မာနိုင်ငံ သရက်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

ရုရှား-မြန်မာစီးပွားရေးကောင်စီနှင့် အဖွဲ့ဝင်ကုမ္ပဏီများကယခုနှစ်မှစတင်၍ မြန်မာနိုင်ငံမှ လတ်ဆတ်သောသရက်သီးနှင့် သရက်သီးခြောက်များ ဝယ်ယူသွားမည်ဖြစ်ရာ ရုရှားဈေးကွက်သို့ တင်ပို့မည့်လုပ်ငန်း/ ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

"ဒီနှစ်မှာ ရုရှားက မြန်မာ့သရက်သီးနှင့် သရက်သီးခြောက်ကို ရသလောက်ဝယ်ယူမဲ့အနေအထားရှိတော့ တိုက်ရိုက်တင်ပို့နိုင်မဲ့ ဈေးကွက်သစ်တစ်ခုလို့ ပြောရမယ်။ တင်ပို့မဲ့ Exporter တွေ၊ ကုမ္ပဏီတွေက ပြင်ဆင်တဲ့အနေနဲ့ အရည်အသွေးကောင်း သရက်သီးဝယ်ဖို့ ခြံတွေကိုကွင်းဆင်းနေကြပြီ။ ဘယ်ခြံက အရည်အသွေးကောင်းတယ်။ မကောင်းဘူး။ ဘယ်ခြံတွေမှာရနိုင်မလဲ၊ ဘယ်အချိန်များများရနိုင်မလဲဆိုတာတွေ အချက်အလက်ကောက်ပြီး အဲဒီခြံတွေမှာ သရက်သီး ဘယ်လောက်ပမာဏဝယ်မယ်ဆိုတာ အော်ဒါပေးမယ်။ သိသလောက်ဆိုရင် ရုရှားကို သရက်တင်ပို့ဖို့ ကုမ္ပဏီသုံးခုလောက်က ပြင်ဆင်နေတယ်လို့ သိရတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် စိန်တလုံးသရက်သီးမှာ ပေါ်ဦးပေါ်ဖျားအချိန်ဖြစ်၍ ဈေးကောင်းရရှိနေပြီး ရုရှားသို့သရက်သီးများတင်ပို့ရန် ပြင်ဆင်နေကြသည့် ကုမ္ပဏီများသည် သရက်သီးလှိုင်လှိုင်ပေါ်ချိန်တွင် သရက်ခြံများသို့ ကွင်းဆင်းကာ အရည်အသွေးကောင်း သရက်သီးဝယ်ယူရရှိနိုင်ရေးနှင့် ဈေးနှုန်းညှိနှိုင်းခြင်းတို့ လုပ်ဆောင်နေကြကြောင်း သိရသည်။

Source: မြန်မာ့အလင်းသတင်းစာ

## အထူးဆောင်းပါးများ

### အာဖရိကရှိ ဆာဟာရကန္တာရတောင်ပိုင်းသည် ကမ္ဘာ့ထိပ်တန်း ဆန်တင်သွင်းရာဒေသဖြစ်လာနိုင်

အမေရိကန်စိုက်ပျိုးရေးဌာန (USDA) ၏ ဧပြီလထုတ် ကမ္ဘာ့ကောက်ပဲသီးနှံဈေးကွက်နှင့် ကုန်သွယ်မှု အစီရင်ခံစာအရ အာဖရိကရှိ ဆာဟာရကန္တာရတောင်ပိုင်းသည် ၂၀၂၅ ခုနှစ်တွင် အရှေ့တောင်အာရှဒေသကိုကျော်တက်၍ ကမ္ဘာ့အကြီးဆုံး ဆန်တင်သွင်းရာဒေသ ဖြစ်လာမည်ဟု သိရသည်။

ယခုရာသီတွင် အာဖရိကရှိ ဆာဟာရကန္တာရတောင်ပိုင်း၏ ဆန်တင်သွင်းမှုပမာဏသည် တန်ချိန် ၁၈ ဒသမ ၆ သန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး အရှေ့တောင်အာရှ၏ တင်သွင်းမှုမှာ တန်ချိန် ၁၂ သန်းသာ ရှိမည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာ့ဆန်ထုတ်လုပ်မှု စံချိန်တင် မြင့်တက်လာခြင်းနှင့် ဈေးနှုန်းများ ပိုမိုယှဉ်ပြိုင်နိုင်မှုတို့ကြောင့် ဖြစ်ပေါ်လာသည့် အဆိုပါအပြောင်းအလဲသည် ကမ္ဘာ့ဆန်ကုန်သွယ်ရေးတွင် ပိုမိုအရေးပါလာသော အာဖရိကရှိ ဆာဟာရကန္တာရ တောင်ပိုင်း၏ အခန်းကဏ္ဍကို ထင်ဟပ်စေသည်။

အာဖရိကရှိ ဆာဟာရကန္တာရတောင်ပိုင်းတွင် ဆန်စားသုံးမှုပမာဏသည် လွန်ခဲ့သော ၁၅ နှစ်အတွင်း လူဦးရေတိုးတက်မှု၊ မြို့ပြအသွင်ကူးပြောင်းမှုနှင့် အဓိကစားသုံးသည့် စားနပ်ရိက္ခာအဖြစ် ဆန်ကို ဦးစားပေးလာမှုစသည့် အကြောင်းရင်းများကြောင့် ဆန်စားသုံးမှုပမာဏ သိသိသာသာမြင့်တက်လာခဲ့ကြောင်း၊ အဆိုပါ ဝယ်လိုအားမြင့်တက်မှုသည် ပြည်တွင်းထုတ်လုပ်မှုထက် ကျော်လွန်နေပြီး အာဖရိကရှိ ဆာဟာရကန္တာရ တောင်ပိုင်းနိုင်ငံအချို့သည် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ရာတွင် တိုးတက်မှုရှိလာသော်လည်း ဆန်တင်သွင်းမှုမှာ ရောင်းလိုအားအတွက် အဓိကအရင်းအမြစ်အဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် သမိုင်းကြောင်းအရ အာဖရိကရှိ ဆာဟာရတောင်ပိုင်းသို့ ဆန်ဖြူနှင့် ပေါင်းဆန်များကို ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဈေးနှုန်းများဖြင့် အများဆုံးထောက်ပံ့သူအဖြစ် ရပ်တည်ခဲ့သည်။ သို့သော်လည်း ၂၀၂၃ ခုနှစ်တွင် အိန္ဒိယ၏ ဆန်ဖြူနှင့် ဆန်ကွဲတင်ပို့မှုများကို ယာယီတားမြစ်ခြင်းနှင့် ပေါင်းဆန်အပေါ် အခွန်ကောက်ခံမှုတို့ကြောင့် ကမ္ဘာ့ဈေးနှုန်းများ မြင့်တက်လာပြီး ယင်းဒေသ၏ ဆန်တင်သွင်းမှု ကျဆင်းသွားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ဆာဟာရကန္တာရ တောင်ပိုင်းဒေသမှ ဆန်တင်သွင်းသူများသည် ထိုင်းနှင့် ပါကစ္စတန်ကဲ့သို့သော အခြားတင်သွင်းသူများဘက်သို့ လမ်းကြောင်းပြောင်းလာသည့်အချိန်၌ အိန္ဒိယသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ၎င်း၏ဆန်တင်ပို့မှုကန့်သတ်ချက်အများစုကို ရုပ်သိမ်းခဲ့သည်။ အဆိုပါအချက်သည် အိန္ဒိယအား ဈေးကွက်အများအပြားကို ပြန်လည်ရရှိစေခဲ့ပြီး ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဝယ်ယူသူများသည် ပိုမို၍ကျေနပ်ဖွယ်ကောင်းသော ဈေးနှုန်းများအပေါ် တုံ့ပြန်မှုအဖြစ် ဆန်တင်သွင်းမှု သိသိသာသာတိုးမြင့်လာခဲ့သည်။

၂၀၂၅ ခုနှစ် နောက်ပိုင်းကာလကို တွက်ဆကြည့်မည်ဆိုပါက အာဖရိကရှိ ဆာဟာရတောင်ပိုင်းဒေသသည် ဆန်တင်သွင်းမှုများ ပိုမိုမြင့်တက်လာမည်ဟုခန့်မှန်းရကြောင်း၊ ဒေသတွင်းထုတ်လုပ်မှုအနည်းငယ် လျော့နည်းလာခြင်းနှင့် ဈေးနှုန်းချိုသာသော ဆန်၏ဆွဲဆောင်မှုတို့က အဆိုပါတိုးတက်မှုကို ဦးတည်စေကြောင်း၊ အဆိုပါဒေသ၏ တင်သွင်းမှုတိုးလာခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ဆန်ကုန်သွယ်ရေးတွင် စံချိန်တင် တန်ချိန် သန်းပေါင်း ၅၂၈ ဒသမ ၆ အထိ စားသုံးမှုမြင့်တက်လာမည့်

ကြိုတင်အမှတ်အသားတစ်ရပ်ဖြစ်ပြီး ၎င်းမြင့်တက်မှုအတွက် အာဖရိကတိုက်ဆာဟာရတောင်ပိုင်းဒေသသည် အဓိကအရင်းအမြစ်တစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့အဓိကဆန်တင်သွင်းသော နိုင်ငံများအနက် နိုင်ဂျီးရီးယားသည် တန်ချိန် ၂ ဒသမ ၈ သန်း၊ အိုင်ဗရီကိုစ့်သည် ဆန်တန်ချိန် ၁ ဒသမ ၈ သန်း၊ ဆော်ဒီအာရေးဗီးယားသည် တန်ချိန် ၁ ဒသမ ၈၅ သန်း၊ ဆီနီဂေါအနေဖြင့် တန်ချိန် ၁ ဒသမ ၅ သန်းနှင့် ကင်ညာနိုင်ငံသည် တန်ချိန် ၆၇၅,၀၀၀ အသီးသီးတင်သွင်းဖွယ်ရှိကြောင်း Miller Magazine သတင်းဝက်ဘ်ဆိုက်က ဖော်ပြထားသည်။

Source: Miller Magazine, 23 April 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်)

Source: https://www.doca.gov.mm/my/node/35407

## ဆောင်းနှင့်နွေသီးနှံရာသီ၌ အထွက်မြင့်မားနိုင်မှုအရ မတ်ပဲဈေးနှုန်း ကျဆင်းမည်ဟု အိန္ဒိယကုန်သည်များပြောကြား

အိန္ဒိယနိုင်ငံ၌ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် မတ်ပဲတင်သွင်းမှုမှာ တန်ချိန် ၆ ဒသမ ၂၄ သိန်းရှိခဲ့ရာမှ ၂၀၂၄-၂၅ ခုနှစ်အတွင်း ၃၂ ရာခိုင်နှုန်းမြင့်တက်လျက် တန်ချိန် ၈ ဒသမ ၂၃ သိန်းကျော် တင်သွင်းခဲ့ရာ ပြည်တွင်း၌ ဝယ်လိုအားနည်းပါးနေမှုအရ မတ်ပဲဈေးနှုန်းသည် ဆက်လက်နိမ့်ကျနေဖွယ်ရှိသည်ဟု Hindu Business Line သတင်းဌာနက ဖော်ပြသည်။

ယခုနှစ်၌ မတ်ပဲစိုက်ပျိုးထုတ်လုပ်မှု စံချိန်တင်မြင့်တက်ခဲ့သော မြန်မာနိုင်ငံထံမှ ဝယ်ယူတင်သွင်းမှု မြင့်မားလာနိုင်ခြေရှိမှုနှင့်အတူ အိန္ဒိယပြည်တွင်း ဆောင်းသီးနှံရာသီတွင် စိုက်ပျိုးထုတ်လုပ်မှုမှ အထွက် ကောင်းမွန်သောမတ်ပဲများ ဈေးကွက်ဝင်ရောက်လာချိန်၌ ထိုသို့ဈေးနှုန်းနိမ့်ကျမှု ဖြစ်ပေါ်လျက်ရှိသည်။ ထို့ပြင် ဂူဂျရတ်နှင့် မဒ္ဒရာပရာဒေ့ရှ်တို့ကဲ့သို့ နွေသီးနှံ စိုက်ပျိုးသည့် ပြည်နယ်များမှ ရှေ့လာမည့်သီတင်းပတ်များတွင် မတ်ပဲအသစ်များ ဈေးကွက်ဝင်ရောက်လာမည်ဖြစ်ရာ မတ်ပဲဈေးနှုန်းများသည် ကျဆင်းမှုဖိအားများအောက်တွင် တည်ရှိနေမည်ဟု ကုန်သည်အသိုင်းအဝန်းက ပြောဆိုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယခင်နှစ်၌ မတ်ပဲထုတ်လုပ်မှုမှာ တန်ချိန် ၅ ဒသမ ၅ သိန်းခန့်သာရှိရာမှ ယခုနှစ်တွင် တန်ချိန် ၆ ဒသမ ၅ သိန်းအထိ စံချိန်တင်ထုတ်လုပ်ခဲ့ကြောင်း၊ မြန်မာကုန်သည်များဘက်မှ ပိုမိုတင်ပို့ရန်လိုလားလျက်ရှိပြီး စိုက်ပျိုးထွက်ရှိသည့် မတ်ပဲအများစုသည် အိန္ဒိယဈေးကွက်သို့သာ ဝင်ရောက်ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ရလဒ်အားဖြင့် ယခုနှစ်၌ မတ်ပဲတင်သွင်းမှုမှာ မြင့်တက်လာဖွယ်ရှိကြောင်း၊ မြန်မာမှ မတ်ပဲအသစ်များသည် အိန္ဒိယဈေးကွက်သို့ စတင်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာမတ်ပဲကို အများဆုံးကုန်သွယ်နိုင်မည့် ပမာဏမှာ တန်ချိန် ၉ သိန်းမှ ၁၀ သိန်းအတွင်းဖြစ်ကြောင်း၊ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၌ မြန်မာမတ်ပဲ တင်သွင်းမှုမှာ ၃၂ ရာခိုင်နှုန်းခန့်တိုးတက်လျက် တန်ချိန် ၈ ဒသမ ၂၃ သန်းကျော်ရှိမည်ဟု ခန့်မှန်းရကြောင်း စသည်ဖြင့် Igrain India မှ လုပ်ငန်းရှင် Rahul Chauhan က ပြောကြားခဲ့သည်။

မြန်မာနှင့် ဘရာဇီးတို့ထံမှ မတ်ပဲများတင်သွင်းမှု များပြားလာခြင်းနှင့် ဝယ်လိုအားနည်းပါးနေခြင်းတို့အရ အိန္ဒိယပြည်တွင်း၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစတင်၍ မတ်ပဲဈေးနှုန်းများ ကျဆင်းလာမှုမှာ ၂၅ ရာခိုင်နှုန်းခန့်ရှိသည်။ ယခင်နှစ် နိုဝင်ဘာလတွင် မတ်ပဲ ၁ ကီလိုဂရမ်လျှင် ၈၅ ရူပီးနှုန်းရှိပြီး ယခုအခါ ၇၂ ရူပီးနှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ စားသုံးသူများအနေဖြင့် လိုအပ်မှုရှိမှသာ ဝယ်ယူကြကြောင်း၊ ဈေးနှုန်းကျဆင်းမှု လအတန်ကြာဖြစ်ပေါ်နေခြင်းကြောင့် မတ်ပဲကုန်သွယ်မှုကို သတိပြုလုပ်ကိုင်ရမည့် အခြေအနေရှိပြီး ဈေးနှုန်းဆက်လက် ကျဆင်းဖွယ်ရှိခြင်းက ကုန်သွယ်မှုပြုရန် ယုံကြည်မှုကိုလျော့ပါးစေကြောင်း၊ ကြိတ်ခွဲရန်သိုလှောင်မှုပြုသည့် ပဲခွဲစက်လုပ်ငန်းရှင်များသည်ပင် ဈေးနှုန်းကျဆင်းသည့်အခြေအနေ၌ ၎င်းတို့၏ သိုလှောင်ထားရှိသည့် မတ်ပဲများ တန်ဖိုးကျဆင်းမှုကို ကြုံတွေ့နေရကြောင်းဖြင့် Four P International ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှု ဒါရိုက်တာ Krishnamurthy က ပြောဆိုသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၂၄ ခုနှစ် မိုးသီးနှံရာသီ၌ မိုးရွာသွန်းမှုများပြားခြင်းကြောင့် မိုးမတ်ပဲထုတ်လုပ်မှုအပေါ် ထိခိုက်မှုရှိပြီး ယခင်နှစ်ထုတ်လုပ်မှု တန်ချိန် ၁၆ ဒသမ ၀၄ သိန်းအောက် ၂၀ ရာခိုင်နှုန်းကျဆင်းလျက် တန်ချိန် ၁၂ ဒသမ ၈၂ သိန်းခန့်သာရှိခဲ့သည်။ သို့သော် ဆောင်းသီးနှံရာသီ၌ မတ်ပဲ စိုက်ပျိုးထုတ်လုပ်မှုမှာ ယခင်နှစ်ထွက်ရှိမှု တန်ချိန် ၄ ဒသမ ၈၇ သိန်းကို ကျော်လွန်ပြီး ယခုနှစ်တွင် တန်ချိန် ၅ ဒသမ ၁၇ သိန်းရှိမည်ဟု အစိုးရက ခန့်မှန်းထားသည်။

ယခုနှစ် ဆောင်းမတ်ပဲစိုက်ပျိုးမှုမှာ အန္ဒြာပရာဒေ့ရှ်နှင့် တမီနာဒူးပြည်နယ်များ၌ ကောင်းမွန်မှုရှိကြောင်း၊ ဂူဂျရတ်နှင့် မဟာရဋ္ဌပြည်နယ်တို့မှနွေရာသီကာလတွင် စိုက်ပျိုးသောမတ်ပဲများသည်လည်း အထွက်ကောင်းမွန်မှုရှိပြီးမကြာမီရက်သတ္တပတ် ၂ ပတ်အတွင်း ဈေးကွက်အတွင်းသို့ ဝင်ရောက်လိမ့်မည်ဟု ကြားသိရကြောင်း၊ လက်ရှိကာလ၌ အစိုးရ၏ အနိမ့်ဆုံးအထောက်အပံ့ပြုရည်ညွှန်းဈေးနှုန်းဖြစ်သော ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၇,၄၀၀ နှုန်းအောက်တွင် အရောင်းအဝယ်ဖြစ်ပေါ်နေသော မတ်ပဲဈေးနှုန်းများအပေါ် နွေသီးနှံအထွက်မြင့်မားမှုက ဖိအားပေးလျက်ရှိကြောင်း Mr. Krishnamurthy က ပြောကြားခဲ့သည်။

မကြာသေးမီလများအတွင်း မြန်မာမတ်ပဲဈေးနှုန်းများမှာ သိသာစွာပြောင်းလဲမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အထူးကောင်းမွန်သည့် အရည်အသွေးအဆင့်အတန်း (SQ grade)ရှိသော မြန်မာမတ်ပဲဈေးနှုန်းသည် ယခင်ကာလများ၌ ၁ တန်လျှင် ဒေါ်လာ ၁,၂၀၀ ခန့်ရှိခဲ့ရာမှ ယခုအခါ ဒေါ်လာ ၈၈၀ မှ ၈၉၀ နှုန်းအကြားသို့ ကျဆင်းလာခဲ့ကြောင်း၊ ထိုသို့ ဈေးနှုန်းကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ထုတ်လုပ်မှုစံချိန်တင်မြင့်တက်ပြီး ပို့ကုန်လုပ်ငန်းရှင်များအကြား ယှဉ်ပြိုင်မှုများပြားလာခြင်းပင်ဖြစ်ကြောင်းဖြင့် Mr. Chauhan ကလည်း ပြောဆိုထားသည်။

အိန္ဒိယ ပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (IPGA) က ဧပြီ ၂၈ ရက်နေ့၌ နောက်ဆုံးရရှိသည့် ဈေးကွက်အချက်အလက်များကို ထုတ်ပြန်ရာတွင် ကြိတ်ခွဲပြီးမတ်ပဲကုန်ချောများ ရောင်းချရမှုမရှိခြင်းနှင့် ဝယ်လိုအားနည်းပါးနေခြင်းကြောင့် မတ်ပဲဈေးနှုန်းများသည် ဖိအားများအောက်တွင် ဆက်လက်တည်ရှိနေမည်ဟု ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံ၌ သီးနှံအထွက် မြင့်မားမှုနှင့်အတူ ရောင်းလိုအားနှင့်ဝယ်လိုအားကွာဟချက်ကြောင့် အလျင်စလိုရောင်းချမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ မတ်ပဲဈေးနှုန်းသည် မေလတွင် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိမည်ဟု ကုန်သည်များက ခန့်မှန်းထားကြောင်း၊ မြန်မာမတ်ပဲ၏ သင်္ဘောတင်စရိတ်နှင့် သယ်ယူပို့ဆောင်ခတို့ ပါဝင်ပြီးဖြစ်သော အိန္ဒိယဆိပ်ကမ်းသို့အရောက် CNF ဈေးနှုန်း ကမ်းလှမ်းချက်များ ပြောင်းလဲမှုကို သတိပြုလုပ်ကိုင်ရန်လိုအပ်ကြောင်း အဆိုပါအသင်းက ပြောကြားထားသည်။

Source: The Hindu Business Line, April 28, 2025 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://doca.gov.mm/my/node/35404

## ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဒိုင် ဈေးနှုန်းများ

**၂၀၂၅၊ မေလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၃.၆.၂၀၂၅) ထိ**

| မြို့နယ် | ရောဝတီ ပေါ်ဆန်း |
|---|---|
| ဖျာပုံ | 120000–125000 |
| မြောင်းမြ | 120000–125000 |
| ဒေးဒရဲ | 120000–125000 |
| ဝါးခယ်မ | 120000–125000 |
| ဘိုကလေး | 120000–125000 |
| မော်လမြိုင်ကျွန်း | 120000–125000 |
| လပွတ္တာ | 120000–125000 |
| ကျိုက်လတ် | 120000–125000 |
| ဘုရင့်နောင် | 150000–155000 (ရွှေဘိုပေါ်ဆန်း) |

Source: MRF

**၂၀၂၅၊ မေလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)**

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 5.5.2025 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |
| 2 | 12.5.2025 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |
| 3 | 19.5.2025 | 1700-2100 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 |
| 4 | 26.5.2025 | 1700-2100 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 |

Source: MRPPA

## ၂၀၂၅၊ မေလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွံနီ(ရှယ်)(သစ်) | | | ဧည့်မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 2.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 2 | 5.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 3 | 6.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 4 | 7.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 5 | 8.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 6 | 9.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 7 | 12.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 8 | 13.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 9 | 14.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 10 | 15.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 11 | 16.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 12 | 19.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 13 | 20.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 14 | 21.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 15 | 22.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 16 | 23.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 17 | 26.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 18 | 27.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 19 | 28.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 20 | 29.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 21 | 30.5.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |

**Source: Myanmar Rice**

## ၂၀၂၅၊ မေလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 2.5.2025 | 2100.0 | 63.45 | 288.80 | 1613.96 | 24.89 | 1449.28 |
| 2 | 5.5.2025 | 2100.0 | 63.75 | 288.80 | 1631.89 | 24.92 | 1459.30 |
| 3 | 6.5.2025 | 2100.0 | 64.31 | 290.97 | 1627.65 | 24.87 | 1467.81 |
| 4 | 7.5.2025 | 2100.0 | 64.33 | 290.62 | 1626.84 | 24.78 | 1464.84 |
| 5 | 8.5.2025 | 2100.0 | 63.96 | 290.19 | 1621.00 | 24.65 | 1451.78 |
| 6 | 9.5.2025 | 2100.0 | 63.55 | 289.8 | 1617.62 | 24.53 | 1446.23 |
| 7 | 12.5.2025 | 2100.0 | 62.86 | 291.17 | 1608.70 | 24.76 | 1419.21 |
| 8 | 13.5.2025 | 2100.0 | 63.11 | 291.60 | 1607.96 | 24.61 | 1419.16 |
| 9 | 14.5.2025 | 2100.0 | 63.10 | 291.21 | 1614.02 | 24.59 | 1428.57 |
| 10 | 15.5.2025 | 2100.0 | 62.98 | 291.19 | 1617.44 | 24.56 | 1440.08 |
| 11 | 16.5.2025 | 2100.0 | 63.28 | 291.60 | 1620.18 | 24.52 | 1446.28 |
| 12 | 19.5.2025 | 2100.0 | 63.40 | 291.10 | 1621.00 | 24.59 | 1449.33 |
| 13 | 20.5.2025 | 2100.0 | 63.43 | 290.89 | 1620.87 | 24.56 | 1453.49 |
| 14 | 21.5.2025 | 2100.0 | 64.07 | 291.41 | 1626.77 | 24.51 | 1456.92 |
| 15 | 22.5.2025 | 2100.0 | 64.03 | 291.40 | 1627.47 | 24.46 | 1465.00 |
| 16 | 23.5.2025 | 2100.0 | 64.33 | 292.10 | 1631.89 | 24.59 | 1464.89 |
| 17 | 26.5.2025 | 2100.0 | 64.44 | 292.33 | 1635.90 | 24.69 | 1470.43 |
| 18 | 27.5.2025 | 2100.0 | 64.19 | 291.94 | 1631.70 | 24.59 | 1459.90 |
| 19 | 28.5.2025 | 2100.0 | 64.29 | 292.06 | 1630.94 | 24.57 | 1457.12 |
| 20 | 29.5.2025 | 2100.0 | 64.12 | 292.12 | 1628.10 | 24.58 | 1446.23 |
| 21 | 30.5.2025 | 2100.0 | 64.11 | 291.86 | 1627.84 | 24.55 | 1458.54 |

Source: Central Bank of Myanmar

## ၂၀၂၅၊ မေလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2025 | | (ထိပ်စ) | | |
| 1 | 2.5.2025 | 3036000 | 2950000 | – | 3876400 | 2685300 | 2899700 |
| 2 | 5.5.2025 | 3050000 | 2941000 | – | 3876400 | 2685300 | 2899700 |
| 3 | 6.5.2025 | 3066000 | 2965000 | – | 4081600 | 2685300 | 2899700 |
| 4 | 7.5.2025 | 3052000 | 2940000 | – | 4081600 | 2685300 | 2899700 |
| 5 | 8.5.2025 | 3048000 | 2941000 | – | 4081600 | 2685300 | 2899700 |
| 6 | 9.5.2025 | 3068000 | 2950000 | – | 4081600 | 2685300 | 2899700 |
| 7 | 12.5.2025 | 3060000 | 2955000 | – | 4081600 | 2685300 | 2899700 |
| 8 | 13.5.2025 | 3055000 | 2953000 | – | 4081600 | 2685300 | 2899700 |
| 9 | 14.5.2025 | 3060000 | 2960000 | – | 4081600 | 2685300 | 2899700 |
| 10 | 15.5.2025 | 3052000 | 2947000 | – | 4081600 | 2685300 | 2899700 |
| 11 | 16.5.2025 | 3052000 | 2940000 | – | 4182600 | 2685300 | 2899700 |
| 12 | 19.5.2025 | 3057000 | 2937000 | – | 4182600 | 2685300 | 2899700 |
| 13 | 20.5.2025 | 3047000 | 2920000 | – | 4387800 | 2737400 | 2951700 |
| 14 | 21.5.2025 | 3045000 | 2900000 | – | 4387800 | 2737400 | 2951700 |
| 15 | 22.5.2025 | 3039000 | 2910000 | – | 4387800 | 2737400 | 2951700 |
| 16 | 23.5.2025 | 3035000 | 2900000 | – | 4387800 | 2737400 | 2951700 |
| 17 | 26.5.2025 | 3020000 | 2873000 | – | 4387800 | 2737400 | 2951700 |
| 18 | 27.5.2025 | 2997000 | 2860000 | – | 4387800 | 2737400 | 3006800 |
| 19 | 28.5.2025 | 2995000 | 2826000 | – | 4387800 | 2737400 | 2761900 |
| 20 | 29.5.2025 | 3010000 | 2835000 | – | 4387800 | 2737400 | 3006800 |
| 21 | 30.5.2025 | 3000000 | 2828000 | – | 4387800 | 2737400 | 3006800 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ မေလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 2.5.2025 | 2599600–2709800 | 2397500–2501600 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 2 | 5.5.2025 | 2599600–2709800 | 2397500–2553700 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 3 | 6.5.2025 | 2599600–2982300 | 2397500–2553700 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 4 | 7.5.2025 | 2599600–3037500 | 2397500–2553700 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 5 | 8.5.2025 | 2599600–3037500 | 2397500–2553700 | 2336300–2400600 | 3775400–3827400 | 1028800–1041100 |
| 6 | 9.5.2025 | 2599600–3037500 | 2397500–2553700 | 2336300–2400600 | 3775400–3827400 | 1028800–1041100 |
| 7 | 12.5.2025 | 2599600–3037500 | 2397500–2553700 | 2336300–2400600 | 3775400–3827400 | 1028800–1041100 |
| 8 | 13.5.2025 | 2599600–3037500 | 2397500–2553700 | 2336300–2449600 | 3775400–3827400 | 1028800–1041100 |
| 9 | 14.5.2025 | 2599600–3037500 | 2449600–2654700 | 2336300–2449600 | 3775400–3827400 | 1028800–1041100 |
| 10 | 15.5.2025 | 2599600–3037500 | 2449600–2654700 | 2336300–2449600 | 3674300–3726400 | 1028800–1041100 |
| 11 | 16.5.2025 | 2599600–3037500 | 2449600–2654700 | 2336300–2449600 | 3674300–3726400 | 1028800–1041100 |
| 12 | 19.5.2025 | 2599600–3037500 | 2449600–2654700 | 2336300–2449600 | 3674300–3726400 | 1028800–1041100 |
| 13 | 20.5.2025 | 2599600–3037500 | 2449600–2706800 | 2336300–2449600 | 3674300–3726400 | 1028800–1041100 |
| 14 | 21.5.2025 | 2599600–3037500 | 2449600–2706800 | 2336300–2449600 | 3674300–3726400 | 1028800–1041100 |
| 15 | 22.5.2025 | 2599600–3037500 | 2449600–2706800 | 2336300–2449600 | 3674300–3726400 | 1028800–1041100 |
| 16 | 23.5.2025 | 2599600–3037500 | 2449600–2706800 | 2336300–2449600 | 3674300–3726400 | 1028800–1041100 |
| 17 | 26.5.2025 | 2599600–3037500 | 2498600–2706800 | 2336300–2449600 | 3674300–3726400 | 1028800–1041100 |
| 18 | 27.5.2025 | 2599600–3037500 | 2498600–2706800 | 2296500–2449600 | 3674300–3726400 | 1041100–1053300 |
| 19 | 28.5.2025 | 2599600–3037500 | 2550600–2706800 | 2296500–2449600 | 3674300–3726400 | 1041100–1053300 |
| 20 | 29.5.2025 | 2599600–3037500 | 2602700–2755800 | 2296500–2449600 | 3674300–3726400 | 1041100–1053300 |
| 21 | 30.5.2025 | 2599600–3037500 | 2599600–3037500 | 2296500–2501600 | 3674300–3726400 | 1041100–1053300 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅ မေလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 2.5.2025 to 9.5.2025 | 12.5.2025 to 16.5.2025 | 19.5.2025 to 23.5.2025 | 26.5.2025 to 30.5.20250 |
|---|---|---|---|---|---|
| မတ်ပဲ (2024-25 Crop) | FAQ | 745-755 | 745-755 | 745-755 | 730-740 |
| | SQ | 825-835 | 825-835 | 825-835 | 810-820 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 845-865 | 845-865 | 845-865 | 830-850 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 945-965 | 945-965 | 945-965 | 930-950 |
| | အခွံပါအခြမ်း | 845-865 | 845-865 | 845-865 | 830-850 |
| ပဲတီစိမ်း (2024-25 Crop) | FAQ (အညာ) | 960-970 | 980-990 | 1010-1020 | 1040-1050 |
| | FAQ (ရွှေဝါ) | 1000-1010 | 1020-1030 | 1050-1060 | 1080-1090 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 1050-1060 | 1070-1080 | 1100-1110 | 1130-1140 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 1010-1020 | 1030-1040 | 1060-1070 | 1090-1100 |
| | ရွှေဝါအသေး (Under 3.5 mm) | 960-970 | 980-990 | 1010-1020 | 1040-1050 |
| ပဲတီစိမ်း (2024 -25 Crop) | FAQ ပဲနောက် | 900-910 | 900-910 | 920-930 | 940-950 |
| | SQ ပဲနောက် | 1160-1170 | 1180-1190 | 1210-1220 | 1250-1260 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1125-1145 | 1125-1145 | 1145-1165 | 1165-1185 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 930-950 | 930-950 | 950-970 | 970-990 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 880-900 | 880-900 | 900-920 | 920-940 |
| ပဲစင်းငုံ(2024 -25 Crop) | အနီ | 720-730 | 720-730 | 720-730 | 690-700 |
| ပဲစင်းငုံ (2024-25 Crop) | အဖြူ(စစ်ကိုင်း) | 680-690 | 680-690 | 680-690 | 650-660 |
| | အခွံချွတ်အခြမ်း | 1020-1040 | 1020-1040 | 1020-1040 | 990-1010 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 730-740 | 730-740 | 740-750 | 740-750 |
| | အခွံချွတ်အခြမ်း | 1000-1020 | 1000-1020 | 1010-1030 | 1010-1030 |
| ပဲလွန်းဖြူ | FAQ | 670-680 | 700-710 | 715-725 | 725-735 |
| | SQ | 730-740 | 760-770 | 770-780 | 780-790 |
| | အခွံချွတ်အခြမ်း | 810-830 | 840-860 | 855-875 | 865-885 |
| ပဲလွန်းနီ | FAQ | 665-675 | 665-675 | 665-675 | 675-685 |
| ပဲထောပတ် | FAQ | 780-790 | 780-790 | 790-800 | 810-820 |
| | အခွံချွတ်အခြမ်း | 805-825 | 805-825 | 815-835 | 835-855 |
| ပြောင်းဆန် | | 255-265 | 255-265 | 255-265 | 255-265 |
| နှမ်းဖြူ | | 1275-1285 | 1275-1285 | 1285-1295 | 1295-1305 |
| နှမ်းနက်(စမုန်) | | 2480-2490 | 2520-2530 | 2540-2550 | 2580-2590 |
| နှမ်းညို | | 1130-1140 | 1130-1140 | 1150-1160 | 1150-1160 |
| နှမ်းနက်(ရိုးရိုး) | | 2310-2320 | 2350-2360 | 2380-2390 | 2380-2390 |
| မြေထောက်ပဲ(အနီ)FAQ | | 840-850 | 840-850 | 840-850 | 840-850 |
| မြေထောက်ပဲ(အနီ)SQ | | 900-910 | 920-930 | 920-930 | 920-930 |
| မြေထောက်ပဲ(အဖြူ) | | 900-910 | 920-930 | 920-930 | 920-930 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 840-850 | 840-850 | 840-850 | 840-850 |
| ပဲယင်း(ဝါ) | | 555-565 | 580-590 | 590-600 | 600-610 |
| ပဲယင်း(နီ) | | 670-680 | 670-680 | 690-700 | 700-710 |
| ပဲကြီး | | 780-790 | 780-790 | 780-790 | 780-790 |
| ပဲကြီးအခွံချွတ်အခြမ်း | | 900-920 | 900-920 | 900-920 | 900-920 |
| Azuki (Small Red Bean) | | 980-990 | 980-990 | 1010-1020 | 1030-1040 |
| စွန်တာနီ/ပြာ | | 680-690 | 710-720 | 730-740 | 755-765 |
| မြေပဲ (လုံးဆန်) | | 1470-1480 | 1470-1480 | 1520-1530 | 1550-1560 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅ မေလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 30.4.2025 to 6.5.2025 | 7.5.2025 to 13.5.2025 | 14.5.2025 to 20.5.2025 | 21.5.2025 to 27.5.2025 | 28.5.2025 to 3.6.2025 |
|---|---|---|---|---|---|---|
| 1 | Myanmar Long Grain White 100 % (Super 100 %) | | | 390-400 | 390-400 | 390-400 |
| 2 | Myanmar White Rice 5% Broken (Well Milled Sortexed) | 370-375 | 370-375 | 370-375 | 370-375 | 370-375 |
| 3 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 365-375 | 365-375 | 365-375 | 365-375 | 365-375 |
| 4 | Myanmar Long Grain White 10 % Broken (90 days) | | | | 370-375 | 370-375 |
| 5 | Myanmar Long Grain White Rice (Emata) 10% Broken(well Milled Sortexed) | | | | | 360-365 |
| 6 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexexd) | 360-365 | 360-365 | 360-365 | 360-365 | 360-365 |
| 7 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 355-360 | 355-360 | 355-360 | 355-360 | 355-360 |
| 8 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 345-355 | 345-355 | 345-355 | 342-350 | 340-350 |
| 9 | 7Myanmar Long Grain White Rice (Emata) 10 % Broken(Reasonable Well Milled) | | 330-340 | 330-340 | 330-340 | 330-340 |
| 10 | 7Myanmar Long Grain White Rice (Emata) 25 % Broken(Reasonable Well Milled) | 330-340 | 325-330 | 325-330 | 325-330 | 325-330 |
| 11 | M8yanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 380-390 | 380-390 | 380-390 | 380-390 | 380-390 |
| 12 | My9anmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 | 375-380 |
| 13 | Mya10nmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 370-375 | 370-375 |
| 14 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 360-365 | 360-365 | 360-365 |
| 15 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 380-390 | 380-390 | 380-390 | 380-390 | 375-380 |
| 16 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 | 370-380 |
| 17 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 370-375 | 370-380 | 370-375 | 370-375 | 365-370 |
| 18 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 360-370 | 360-370 | 360-370 | 360-370 | 350-360 |
| 19 | Myanmar White Rice (Thee Pu) 5% Broken (Well Milled Double Polished Sortexed) | 390-395 | 390-395 | 365-375 | 365-375 | 365-375 |
| 20 | Myanmar White Rice (Thee Pu) 10% Broken (Well Milled Double Polished Sortexed) | 385-390 | 385-390 | 360-365 | 360-365 | 360-365 |
| 21 | Myanmar White Rice (Thee Pu) 15% Broken (Well Milled Double Polished Sortexed) | 380-385 | 380-385 | 355-360 | 355-360 | 355-360 |
| 22 | Myanmar White Rice (Thee Pu) 25% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 345-355 | 345-355 | 345-355 |
| 23 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 380-395 | 380-395 | 375-380 | 375-380 | 375-380 |
| 24 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 370-380 | 370-380 | 370-375 | 370-375 | 370-375 |
| 25 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 365-370 | 365-370 | 365-370 | 365-370 | 365-370 |
| 26 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 360-365 | 360-365 | 360-365 |
| 27 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 345-355 | 345-355 | 345-355 | 345-355 | 345-355 |
| 28 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 475-490 | 475-490 | 475-490 | 475-490 | 475-490 |
| 29 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 395-400 | 395-400 | 395-400 | 395-400 | 395-400 |
| 30 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 390-395 | 390-395 | 390-395 | 390-395 | 390-395 |
| 31 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 385-390 | 385-390 |
| 32 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 355-360 | 355-360 | 355-360 | 355-360 | 355-360 |
| 33 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 595-605 | 595-605 | 858-600 | 585-600 | 550-560 |
| 34 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 585-595 | 585-595 | 575-585 | 575-585 | 540-550 |
| 35 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 595-605 | 595-605 | 585-600 | 585-600 | 550-560 |
| 26 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 585-595 | 585-595 | 575-585 | 575-585 | 540-550 |
| 37 | Myanmar Glutinous Rice 5% Broken (Well Milled) | 490-500 | 490-500 | 490-500 | 490-500 | 490-500 |
| 38 | Myanmar Glutinous Rice 10 % Broken (Well Milled) | 480-490 | 480-490 | 480-490 | 480-490 | 480-490 |
| 39 | Myanmar Glutinous Rice 15 % Broken (Well Milled) | 470-480 | 470-480 | 470-480 | 470-480 | 470-480 |
| 40 | Myanmar Glutinous Rice 25 % Broken (Well Milled) | 460-470 | 460-470 | 460-470 | 460-470 | 460-470 |
| 41 | Myanmar Glutinous Rice 10 % Broken (Reasonable Well Milled) | 455-465 | 455-465 | 455-465 | 455-465 | 455-465 |
| 42 | Myanmar Glutinous Rice 25 % Broken (Reasonable Well Milled) | 440-450 | 440-450 | 440-450 | 440-450 | 440-450 |
| 43 | Myanmar Brown Rice 5 % Broken | 355-360 | 355-360 | 355-360 | 355-360 | 355-360 |
| 44 | Myanmar Brown Rice 10 % Broken | 345-355 | 345-355 | 345-355 | 345-355 | 345-355 |

**Source: MRF**

## ၂၀၂၅၊ မေလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 2.5.2025 | 59.73 | 62.62 | 205.91 | 3.45 | 202.31 |
| 2 | 5.5.2025 | 56.03 | 59.09 | 196.84 | 3.69 | 194.48 |
| 3 | 6.5.2025 | 58.01 | 61.16 | 204.85 | 3.61 | 200.21 |
| 4 | 7.5.2025 | 59.55 | 62.55 | 206.96 | 3.53 | 201.55 |
| 5 | 8.5.2025 | 58.55 | 61.54 | 203.85 | 3.63 | 198.36 |
| 6 | 9.5.2025 | 60.1 | 63.05 | 208.98 | 3.63 | 204.88 |
| 7 | 12.5.2025 | 61.41 | 64.24 | 212.40 | 3.74 | 208.01 |
| 8 | 13.5.2025 | 61.79 | 64.75 | 212.88 | 3.69 | 210.51 |
| 9 | 14.5.2025 | 63.36 | 66.29 | 216.13 | 3.62 | 217.16 |
| 10 | 15.5.2025 | 61.79 | 64.71 | 212.72 | 3.46 | 216.09 |
| 11 | 16.5.2025 | 61.61 | 64.51 | 213.28 | 3.36 | 216.50 |
| 12 | 19.5.2025 | 62.33 | 65.16 | 213.80 | 3.25 | 213.48 |
| 13 | 20.5.2025 | 62.69 | 65.55 | 214.03 | 3.13 | 212.96 |
| 14 | 21.5.2025 | 62.56 | 66.36 | 217.33 | 3.39 | 215.26 |
| 15 | 22.5.2025 | 61.64 | 64.93 | 214.03 | 3.36 | 213.13 |
| 16 | 23.5.2025 | 60.83 | 64.06 | 212.52 | 3.27 | 210.86 |
| 17 | 26.5.2025 | 61.72 | 64.98 | 211.54 | 3.32 | 210.70 |
| 18 | 27.5.2025 | 61.31 | 64.58 | 210.64 | 3.29 | 208.90 |
| 19 | 28.5.2025 | 61.18 | 64.40 | 207.38 | 3.43 | 208.59 |
| 20 | 29.5.2025 | 62.66 | 65.67 | 210.99 | 3.20 | 209.98 |
| 21 | 30.5.2025 | 60.62 | 63.84 | 203.94 | 3.54 | 203.47 |

Source: Bloomberg Commodities

## ၂၀၂၅၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 2.5.2025 | 3257 | 3262 |
| 2 | 5.5.2025 | 3263 | 3267 |
| 3 | 6.5.2025 | 3364 | 3369 |
| 4 | 7.5.2025 | 3380 | 3386 |
| 5 | 8.5.2025 | 3401 | 3406 |
| 6 | 9.5.2025 | 3317 | 3322 |
| 7 | 12.5.2025 | 3286 | 3292 |
| 8 | 13.5.2025 | 3240 | 3245 |
| 9 | 14.5.2025 | 3231 | 3236 |
| 10 | 15.5.2025 | 3154 | 3159 |
| 11 | 16.5.2025 | 3214 | 3219 |
| 12 | 19.5.2025 | 3219 | 3224 |
| 13 | 20.5.2025 | 3216 | 3222 |
| 14 | 21.5.2025 | 3310 | 3316 |
| 15 | 22.5.2025 | 3332 | 3335 |
| 16 | 23.5.2025 | 3305 | 3311 |
| 17 | 26.5.2025 | 3350 | 3358 |
| 18 | 27.5.2025 | 3349 | 3354 |
| 19 | 28.5.2025 | 3313 | 3318 |
| 20 | 29.5.2025 | 3441 | 3285 |
| 21 | 30.5.2025 | 3302 | 3309 |

Source: Bullionvault,